## May God Bless you Dad, Mom and May Mon

ကျောက်တုန်းမှ ဖေဖေ၊ မေမေနှင့် သမီးလေး မေမွန်မြတ်သူ(ခေါ်)မွေသိတို့ထံမှ ကျေးဇူးတော်ချီးမွမ်းခြင်း။ အထူးအလှူငွေ ကျပ်ငါးသောင်းကို ယခုလတွင် ဆက်လက်ပေးပို့ရာ ညစဉ်ခွန်အားမှ ကျေးဇူးတင်စွာဖြင့် လက်ခံရရှိပါသည်။ အစဉ်သဖြင့် ဆက်လက်ပေးလှူသော မိသားစုကို ဘုရားရှင်သည် သိမှတ်၍ အစဉ်အမြဲ ကောင်းချီးမိုးရေစွန်းဖြိုးလျက် ကောင်းကင်တံခါးကိုဖွင့်လျက် ကြွယ်ဝခြင်းများနှင့် အုပ်မိုးပါစေ။ ကိုယ်ကာယ၏ကျန်းမာခြင်းနှင့် အိမ်ထောင်၌ ပျော်ရွှင်ငြိမ်သက်ခြင်းကို ခံစားရလျက် မိသားစုသည် မြစ်နားမှာစိုက်သော သစ်ပင်ကဲ့သို့ စိမ်းလန်းစိုပြေခြင်းကို အစဉ်ခံစားရစေခြင်းငှါ နာမတော်မြတ်၌ ဆုတောင်းပေးလျှက် ပို့သအပ်ပါသည်။ (အာမင်)

## I Remember you, Mommy Htwe

ရန်ကုန်မြို့၊ ရွာသွားရိပ်သာမှ သမီး (အစွာ) ခေါ်ထီထီက မိခင်ကြီးနှင့် ခွဲခွာရခြင်းကာလ (၇) နှစ်ပြည့်မြောက်သော အောက်မေ့ခြင်းအတွက် ညစဉ်ခွန်အား စာစောင်သို့ အထူးအလှူငွေ ကျပ်တစ်သောင်းကိုပေးပို့ရာ ကျေးဇူးတင်စွာဖြင့် လက်ခံရရှိပါသည်။ ပေးလှူသော အစွာခေါ်ထီထီကို ဘုရားရှင် သိမှတ်၍ ကောင်းချီးပေးပါစေ။ ဘုရားရှင်ထံမှ နှစ်သိမ့်ခြင်းဆုကျေးဇူးကိုလည်း ရရှိခံစားရလျက် သာယာနေနောင်ကာလ၌ ချစ်သောမိခင်ကြီးနှင့် ပြန်လည်တွေ့ဆုံခွင့်ကို ရပါလိမ့်မည်။ ယခုသက်ကြွယ်ချိန်၌လည်း ဘုရားရှင်ထံမှ လုံလောက်သော ဆုကောင်းချီး မင်္ဂလာသွန်းလောင်းခြင်းကို ခံရလျက် အစဉ်သဖြင့် ရွှင်လန်းဝမ်းမြောက်၊ ငြိမ်သက်ချမ်းသာခြင်းနှင့် ပြည့်ဝလျက် ကိုယ်တော်၏ ကျေးဇူးတော်ကို အစဉ်ချီးမွမ်း နိုင်စေခြင်းငှါ နာမတော်မြတ်၌ ဆုတောင်းပေးလျှက် ပို့သအပ်ပါ၏။ (အာမင်)

## '(၂၁)ရာစု ခရစ်ယာန်လူငယ်'

'(၂၁)ရာစု ခရစ်ယာန်လူငယ်' ခေါင်းစဉ်ဖြင့် အရှေ့မြန်မာ နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် တာချီလိတ်-မိုင်းဖြတ် နှစ်ခြင်းနယ်အသင်းတော်များအဖွဲ့ (လူငယ်ဌာန) ၏ နွေရာသီ ကျမ်းစာသင်တန်းကို ၂၀၀၆ ခုနှစ် ဧပြီလ(၁၆)ရက်မှ (၂၁)ရက်နေ့အထိ၊ မယ်ကုတ်ဝမ်ကော့နှစ်ခြင်းအသင်းတော်၌ ပြုလုပ်ခဲ့ရာ လူငယ်(၇၈)ဦး တက်ရောက်ခဲ့ပါသည်။ ဆရာတော် ဦးသောန၊ ဆရာတော် ဦးစိုင်းဆိုင်၊ ဆရာ စောကွယ်မူး ဆရာတော် စောမွေရည်တို့ ပို့ချသင်ကြားခဲ့ကြောင်း သာသနာ့သတင်းကို ဖော်ပြအပ်ပါသည်။



သို့

ဖြူစင်သည့် ၂၀၀၇ ခုနှစ် ခုထိုင်ဝါအတွက်

# ညစဉ်ခွန်အား

ခရစ်ယာန်အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်



ဆိုင်နှန်ဝင်းထွန်း၊ ဒုစံနှာ၊ ဓာတုတ်ဆင်၊ အင်ဗွန်ဘရန်ဆိုင်၊ နော်ဝနေ့စ်၊ သောမတ်ဝီလျံ၊ ဖျူးဖျူး၊ မြေပါလူး၊ ဓနဆုမိုး

**ဆိုး** ပြုစုသည့်

# ညစဥ်ခွန်အား

**အိမ်ထောင်ဝတ်ပြုလမ်းညွှန်စာစောင်**

**၂၀၀၇ ခုနှစ်၊ ဇူလိုင်လ**

တစ်ခါတုံးက . . . ယခုလိုဇူလိုင်လမှာပဲ ရန်ကုန်ဆိပ်ကမ်းသို့ ကာရာဗင်အမည်ရှိ ရွက်သင်္ဘောတစ်စီး ဆိုက်ကပ်လာခဲ့ဖူးပါ၏။ ထို နှစ်ပင်တိုင် ရွက်သင်္ဘောပေါ်မှာ လူဖြူဇနီးမောင်နှံနှစ်ဦးသည် ဝေးသောအရပ်မှာရှိသော ဇာတိမြေကို စွန့်ခွာလျက် လိုက်ပါလာပြီးနောက် ရန်ကုန်ဆိပ်ကမ်းသို့ခြေချလာပါသည်။ ယုဒသံအမည်ရှိလူငယ်နှင့် လုပသောဇနီးသည်အဲန်တို့သည် အိမ်ထောင်ဦးကာလမှာပင်၊ ခက်ခဲကြမ်းတမ်းသော ခရီးတစ်ခုကို အစပြုခဲ့ကြပါ၏။ သုန်ဖျင်းသော မိုးရေစက်ကြားမှာ မျက်ရည်များစွာနှင့် နုပျိုခြင်းများကို သူတို့စတင်ပေးဆပ်ခဲ့တာ . . . အခုလို ဇူလိုင်လမှာပဲ ဖြစ်ပါသည်။ နှစ်ပေါင်းနှစ်ရာ နီးနီးရှိပါပြီလေ။ သို့သော် အဖြစ်အပျက်များက ဒဏ္ဍာရီတစ်ပုဒ်လို အဆုံးမသတ်ခဲ့ပါဘူး မိတ်ဆွေ။ ခရစ်တော်၏ မာတုရများအကြောင်း ယခုလမှာ စဉ်းစားရင်းခွန်အားယူကြပါစို့။ ကိုယ်တော်ကို မျှော်လင့်လျက်၊ ခိုလှုံကိုးစားလျက်၊ ရိုးသားစွာအမှုတော်ဆောင်ခဲ့သော ဆရာတော်များအားဖြင့် ကျွန်တော်တို့ 'ထာဝရအသက်'ကို နားလည်ခွင့်၊ ရရှိခံစားခွင့် ရခဲ့ပါ၏။ ကျေးဇူးတော်ကို ချီးမွမ်းရန် ကောင်းမြတ်သော ဇူလိုင်လဖြစ်သည်ဟု အောက်မေ့လျက် . . .

(၆၅)အုပ်မြောက်သော ညစဥ်ခွန်အားကို ရေးသားပြုစုလျက် တစ်ဖန်ဝေငှ လိုက်ပါသည်။ ဤစာစောင်အတွက် ပို့ဆောင်သော ဂရုဏာလက်တော်ကို ချီးမွမ်းရင်း ချစ်သောမိတ်ဆွေတို့၏ အိမ်ထောင်မိသားစုများတွင် ခမည်းတော်ဘုရားထံတော်မှလည်းကောင်း၊ ခမည်းတော်၏သားတော် ယေရှုခရစ်အထံကလည်းကောင်း၊ သမ္မာတရား၊ မေတ္တာတရားနှင့်တကွ၊ ကျေးဇူး၊ ဂရုဏာ၊ ငြိမ်သက်ခြင်းသည် မိသားစုများအားလုံးတို့၌ ကျရောက်ပါစေသောဝ် . . . (အာမင်)

■ **Author & Editor:** ဆိုး ■ **Supporter:** သန္တာရွှေ ■ **Title:** အယ်လင်စောဦး(C.L.S) ■ **Computer:** ရဲထွေးလှ ■ **Distribution :** သွဲ့ဖော၊ မူအိုင်း၊ နေခြည်နွေးနွေး၊ ထူးအုပ်စိုး၊ လယ်လားရှီး၊ ထွန်းထွန်းဇော် ■ **Admin :** တွယ်တာထွန်း၊ ■ **Logo:** မျိုးမင်းသော် (Bible league) ■ **Address:** ၈၉၃(ခ)၊ ည/၁၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်းသွယ် (၃)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။ ■ တဆင့်ဖုန်း း ၆၁၀ ၄၂၇၊ ၆၁၁ ၃၂၉ ■ **CoverK.P.T Group** ■ **e.mail:** cwhsoe@singapore.net ■ http:/ lwinmoe.friendsofburma.org/nyasinkhunah/

**ဗက်လင်ကြယ်. . . မှ စီစဉ်တင်ဆက်သည်။**

ဇူလိုင်လ (၁) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္ဂနွေနေ့)

အို . . . ထာဝရဘုရား၊ အမှုတော်များအားဖြင့် အကျွန်ုပ်ကို ဝမ်းမြောက်စေသည်ဖြစ်၍ လက်တော်နှင့် ပြုပြင်တော်မူသမျှတို့ကြောင့် ရွှင်လန်းစွာသီချင်းဆိုပါမည်။ (ဆာလံကျမ်း၊ ၉၂း၄)

## "ဥပုသ်နေ့အဖို့ ဆာလံသီချင်း ..."

**(၉၂)ခုမြောက်သော ဆာလံ၏ခေါင်းစဉ်တွင် ဥပုသ်နေ့အဖို့ ဆာလံသီချင်းဟု ဖော်ပြထားပါသည်။ ဥပုသ်နေ့မှာ ရွတ်ဆိုရန်၊ ချီးမွမ်းရန် ရည်ရွယ်၍ ဆာလံဆရာက ရေးသားစပ်ဆိုခဲ့သောဆာလံ ဖြစ်ပါသည်။ ယခုခေတ် ကျွန်တော်တို့ စိတ်လှုပ်ရှားစွာ သီဆိုနေသော ချီးမွမ်းသီချင်း (Praise Song) များနည်းတူ တစ်ချိန်တုံးက ယုဒလူမျိုးတို့၏ တရားဇရပ်၌စောင်း၊ တယော၊ မိကျောင်းတို့နှင့် မြိုင်ဆိုင်စွာ သီဆိုကြွေးကြော်ခဲ့ကြပါလိမ့်မည်။ စင်စစ်ယုဒလူမျိုး တို့သည် ဘုရားရှင်ကို ချီးမွမ်းရန် စိတ်အားကြီးသည့်အပြင် ချီးမွမ်းရန်လည်း အချင်းချင်း နှိုးဆော်ကြပါသည်။ ယုဒဟူသည့် ဝေါဟာရ၏ အဓိပ္ပာယ်မှာ ကျေးဇူးတော်ချီးမွမ်းခြင်းဖြစ် ၍၊ ယုဒပြည်၊ ညီမျှခြင်း ကျေးဇူးတော်ချီးမွမ်းသော ပြည်။ ယုဒလူမျိုး ညီမျှခြင်းကျေးဇူးတော် ချီးမွမ်းသော လူမျိုး ဖြစ်ပါသည်။ ယနေ့သည် ဥပုသ်နေ့ဖြစ်ရုံမက (၂၀၀၇)ခုနှစ်၏ တစ်ဝက်တစ်ပိုင်းသို့ ရောက်ခဲ့ပါပြီ။ တစ်နှစ်တာ၏ တစ်ဝက် (Half time) ဖြစ်ရာ ဒုတိယနှစ်ဝက်ကို စတင်ခြေလှမ်းခွင့် ရကြပါ၏။**

**နှစ်တစ်ဝက်တိတိ ဘုရားသခင် ပို့ဆောင်ခဲ့ပါပြီ။ ဤနှစ်တစ်ဝက်မှာ ဘုရားရှင် ပြုတော်မူသော အမှုအမျိုးမျိုးကြောင့် ကျွန်တော်တို့ ဝမ်းမြောက်ခဲ့ကြရပါသည်။ လောက၏ အစဉ်အလာ ခက်ခဲသော တောင်တန်းများကိုတော့ တွေ့ခဲ့ရ၊ ရင်ဆိုင်ခဲ့ရပါ၏။ သို့သော် ဘုရားရှင် ပို့ဆောင်သဖြင့် ပျက်စီးခြင်းသို့ မရောက်။ နှစ်တစ်ဝက်တိုင် ဖြတ်သန်းခဲ့ရတာကိုက ကျေးဇူးတော် ကြီးမားလှပါ၏။ ဤနှစ်တစ်ဝက်၏ အစနေ့ရက်ကလည်း ဥပုသ်နေ့ဖြစ်ပြန်သောအခါ ယနေ့အချိန်ထက်သာ၍ ကျေးဇူးတော်ချီးမွမ်းရန် အချိန်မရှိတော့ပါ။ ထို့ကြောင့် ရွှင်လန်းစွာ သီချင်းဆိုလျက် ဂုဏ်တော်ကိုချီးမွမ်းကြပါစို့။**

**သမ္မာကျမ်းစာ၌ ဘုရားသခင်နှစ်သက်တော်မူ၍ ရှေ့တော်၌မျက်နှာရကြသော လူငယ်များ အကြောင်းကို သာဓကပြုကြရအောင်။ ဒါဝိဒ်သည် တစ်နေ့လျှင် ဘုရားရှင်ကို (၇)ကြိမ် ချီးမွမ်းပါသည်။ ဒံယေလဆိုသော ခြင်္သေ့ မကိုက်စားနိုင်သူက တစ်နေ့လျှင် ဘုရားရှင်ထံသို့ (၃)ကြိမ် တိုးဝင်၍ ချီးမွမ်းပါ၏။ တစ်ပြည်တစ်ရွာသို့ ရောက်သော်လည်း ဘုရားရှင် မငြင်းပယ်သော ယောသပ်သည် ဘုရားရှင်ကို အားကိုး၍ တစ်နေ့လျှင် (၅)ကြိမ်ဝတ်ပြုဆုတောင်း၍ ချီးမွမ်းပါသည်။ ချီးမွမ်းခြင်းကို ဘုရားရှင်နှစ်သက်၏။ ချီးမွမ်းသောသူများကို ကောင်းကြီးပေး၏။ ကျေးဇူးတော်ကို နှလုံးသားပါလျက် ချီးမွမ်းကြပါစို့။**



ဇူလိုင်လ (၂) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္လာနေ့)

ဤအမှုကို လူမတတ်နိုင်။ သို့သော်လည်း ဘုရားသခင်သည် ခပ်သိမ်းသောအရာတို့ကို တတ်နိုင်တော်မူ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၁၉း၂၆)

## "ခပ်သိမ်းသောအရာတို့၌ ..."

**ကယားပြည်နယ်၊ ဆိုဘောသဲအသင်းတော်၌ မူကြိုကျောင်းဆရာမလေး နော်ပလဲထူးသည် ငယ်စဉ်က ဆင်းရဲလျက် နွားကျောင်းသော အလုပ်ကို လုပ်ခဲ့ပါသတဲ့။ တစ်နေ့တွင် သူကျောင်းသော နွားမတစ်ကောင် ပျောက်ဆုံးသွားရာ လိုက်လံရှာဖွေ ရပါ၏။ ပင်ပန်းစွာရှာသော်လည်း မတွေ့သောအခါ စိတ်ပျက်လျက် အိမ်သို့မပြန်ရဲတော့ပါ။ သူမ၏ အလုပ်ရှင်က မာန်မဲဆူပူ ဒဏ်ပေးမှာကိုလည်း ကြောက်ပါသည်။ သို့နှင့်ပင် သစ်ပင်ကြီးတစ်ပင်ပေါ်တက်၍ ထိုင်နေရင်း ညရောက်လာပါ၏။ ညဦးအချိန်မှာ ရွာထဲမှ သမီးရည်းစားနှစ်ယောက်သည် ရွာပြင်သို့ချိန်းချက်ကာ ထွက်လာပါ၏။ ချစ်သူချင်းချင်းရင်းနှီးစွာထိုင်လျက် လမင်းကိုလည်း ငေးကြည့်၊ ချစ်စကားများကိုလည်း ပြောဆိုဖို့ ကြံစည်လာသော စုံတွဲသည် တိုက်တိုက်ဆိုင်ဆိုင်ပင် နော်ပလဲထူး တက်ထိုင်နေသော သစ်ပင်ကြီးအောက်သို့ ရောက်လာလျှင် အရိပ်ကောင်း၍ ခိုင်ခံ့သော ပင်စည်နားမှာ ယှဉ်တွဲထိုင်လျက် စကားပြောလေ၏။**

**မိန်းကလေးက မောင်၊ ဘာလို့ ကျွန်မကို ချစ်တာလဲဟု ကနွဲ့ကယမေးလျှင် ယောကျ်ားပျိုက လှလို့ပေါ့။ ထိုအခါ မိန်းကလေးက၊ ဘယ်မှာလှလို့လဲ။ ကျွန်မ မလှပါဘူးနော်ဟု ပြန်ပြောလျှင် ယောကျ်ားပျိုက အံ့မယ်လေး ဒေးမြာရယ်။ မင်းဟာ ကမ္ဘာပေါ်မှာ အလှဆုံးပဲဟု ဆိုပြန်၏။ တော်စမ်းပါ ဟုတ်လည်း မဟုတ်ဘဲနဲ့ဟု ဒေးမြာကငြင်းလျှင် ယောကျ်ားကလေးက တကယ်ပါ။ တစ်ကမ္ဘာလုံးမှာ မင်းအလှဆုံးပဲ။ ငါလေနေရာအနှံ့ ရောက်ခဲ့ပြီးပါပြီ။ ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်နေရာ၊ ဘယ်ဌာနမှာမှ ကိုယ့်ချစ်သူဒေးမြာလောက်လှတာ မရှိဟု အားပါးတရ ပြောပါသတဲ့။ ထိုစကားကို ဒေးမြာကလည်း သဘောကျနေစဉ် သစ်ပင်ပေါ်မှာ နွားကျောင်းသမကလေးက ဟုတ်ပြီ။ ဒီလူ တစ်ကမ္ဘာလုံး၊ နေရာအနှံ့ရောက်တယ်ဆိုတော့ ငါ့နွားပျောက်တာ သူတွေ့မှာပဲ၊ ဆင်းမေးရမယ်ဟု စဉ်းစားကာ အပင်ပေါ်မှ ခုန်ချလျက် အစ်ကိုကြီးက တစ်ကမ္ဘာလုံးအနှံ့ လျှောက်သွားတယ်ဆိုတော့၊ ကျွန်မနွားပျောက်တာ တွေ့ခဲ့မှာပေါ့။ အမကလေးပါ။ ထိပ်မှာ ဗွေနှစ်လုံးပါတယ်ဟု မေးသတဲ့။ ချစ်သူနှစ်ယောက်ခမျာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်၊ ကို့ရိုးကားယားနှင့် ထပြေးလျှင် နွားကျောင်းသူခမျာ အံ့ဩလျက် ကျန်ခဲ့ပြီကော။**

**ထိုကလေးနည်းတူပင်၊ ကျွန်တော်တို့လည်း အမှုရောက်သောအခါ လူကို ကိုးစားအားထားရန် ဦးစွာ ပထမ စဉ်းစားမိကြပါ၏။ ဤအကြောင်း မမှန်ပါ။ တကယ်တော့ လူလူချင်းကူညီ၊ မစ၊ ကယ်တင်နိုင်တာထက် တန်ခိုးနှင့် ပြည့်စုံသော ဘုရားသခင်ကို ပိုမို၍ ခိုလှုံကိုးစားဖို့ရန်သာ သတိပြုကြပါစို့။**

**ဇူလိုင်လ (၃) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)**

လေအာသည် ပဋိသန္ဓေယူသဖြင့်၊ သားကိုဖွားမြင်၍ ရုဗင်အမည်ဖြင့် မှည့်လေ၏။ အကြောင်းမူကား ထာဝရဘုရားသည် ငါ၏ ဆင်းရဲခံခြင်းကို အမှန်ကြည့်မြင် တော်မူပြီ။ (ကမ္ဘာဦးကျမ်း၊ ၂၉း၃၂)

## "ငါ၏ဆင်းရဲခြင်းကို ..."

**ဖခင်ဖြစ်သူလာဗန်၏ အကြံအစည်ဖြင့် လေအာသည် ယာကုပ်နှင့် အိမ်ထောင်ပြုခဲ့ရပါသည်။ ချောမောလှပသူ မဟုတ်သောကြောင့် ယာကုပ်၏ နှလုံးသားကို မဆွဲဆောင်နိုင်ခဲ့ပါ။ ထိုအချိန်တွင် ကျင့်သုံးသောထုံးစံအတိုင်း၊ သတို့သမီးဖြစ်သော လေအာ၏ မျက်နှာကို ဖုံးထားရသောကြောင့် နောက်တစ်နေ့မတိုင်မီအထိ ယာကုပ်က သူမကို ရာခေလဟုသာ အောက်မေ့ခဲ့ပါ၏။ ထို့နောက်တွင် ယာကုပ်သည် အဖြစ်မှန်ကိုသိ၍ မကျေနပ်ဘဲ လာဗန်နှင့် ညှိနှိုင်းမှုပြုကာ ရာခေလကို တဖန်လက်ထပ်ပြန်၏။ ညီအစ်မဖြစ်လျက် ခင်ပွန်းသည် တစ်ဦးတည်းကို ပိုင်ဆိုင်ရသော အဖြစ်မှာ အလွန်ခက်ခဲပါလိမ့်မည်။ အထူးသဖြင့် လေအာသည် ချစ်ခြင်းမေတ္တာကို မရရှိဘဲ၊ ပြစ်ပယ်ခြင်း၊ လျစ်လျူရှုခြင်းကို ခံစားခဲ့ရပါ၏။**

**ယာကုပ်ကို သားကလေးမွေးဖွားပေးနိုင်လျှင် ခင်ပွန်းသည်၏ ချစ်ခြင်းမေတ္တာကို ရယူနိုင်မည်ဟု မျှော်လင့်ခဲ့ပါသည်။ ဘုရားရှင်သည် လေအာကို ဂရုဏာသက်၍ အချိန်အနည်းငယ်မှာ သားဦးလေးကို မွေးဖွားခွင့် ပေးခဲ့ပါ၏။ ပထမသားရုဗင် (အဓိပ္ပာယ်မှာ ဘုရားရှင်သည် ကျွန်မ၏ ဆင်းရဲဒုက္ခကို ကြည့်မြင်ခဲ့ပြီ) ဟု မှည့်ခဲ့ပါသည်။ ဒုတိယသား ရှိမောင် (ကြားသောသူ)။ လေအာက ငါသည်အမုန်းခံရကြောင်းကို ထာဝရဘုရား ကြားသောကြောင့် ဤသားကိုပေးသည်ဟု ဆိုလိုခဲ့ပါသတဲ့။ တတိယသား လေဝိ (ပူးကပ်ခြင်း) အဓိပ္ပာယ်မှာ ငါ့ခင်ပွန်းသည် သားသုံးယောက်မွေးပေး၍ ငါနှင့်ပေါင်းဖော်လိမ့်မည် ဟူ၍ ဖြစ်ပါသည်။ စတုတ္ထသားမှာ ယုဒ (ချီးမွမ်းခြင်း) ဖြစ်၍ ဘုရားသခင်ကို ယခုငါ ချီးမွမ်းပါ၏ ဟု ဆိုလိုပါသတဲ့။ ခင်ပွန်းသည်၏ ချစ်ခြင်းမေတ္တာကို ရယူနိုင်ဖို့ ကြိုးစားယူသော လေအာ၏ အဖြစ်အပျက်ကလေးသည် ပြစ်ပယ်ခြင်းခံရသော သူများအတွက် သင်ရန်စာ ဖြစ်ပါသည်။**

**အချို့သော အိမ်ထောင်များတွင် မေတ္တာကို ပေးသော်လည်း မေတ္တာတုံ့ပြန်ခံစားရခြင်းမရှိခဲ့ပါ။ စင်စစ် ရှေးကပင် လေအာသည် ဤအမှုကို ရင်ဆိုင်ခဲ့ရပြီးပါပြီ။ လေအာသည် ဘုရားသခင်ကိုဖက်ရမ်း၍ အားကိုးခိုလှုံလျက် ပတ္ထနာပြုသောသူဖြစ်သောအခါ ကိုယ်တော်၏ ဂရုဏာကို ခံစားရပါသည်။ တစ်ဆင့်ပြီးတစ်ဆင့် ဘုရားရှင်ပြင်ဆင်ပေးသော ဘဝလမ်းခရီးအတိုင်း လျှောက်လှမ်းခဲ့သည်ကို သိမှတ်လျက် အိမ်ထောင်များတွင် မြဲမြံသော ချစ်ခြင်းကို ရနိုင်ဖို့ ဆုပတ္ထနာကို တောင်းယူကြပါစို့။**



**ဇူလိုင်လ(၄)ရက်၊ ၂၀၀၇ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ခရစ်တော်သည်ငါတို့ကိုလွတ်တော်မူသောလွတ်ခြင်းအခွင့်၌တည်နေသဖြင့်၊ကျွန်ခံရာထမ်းပိုးကို ထမ်း၍ ချည်နှောင်ခြင်းကိုတဖန်မခံကြနှင့်။ (ဂလာတိဩဝါဒစာ၊၅း၁)

## "ဝိညာဉ်လွတ်လပ်ရေး ..."

**ရန်ကုန်မြို့မအသင်းတော်. . မှ လူငယ်ခေါင်းဆောင် နော်တင်အေးလွင်ကဖုန်းဆက်၍ သူတို့အသင်းတော်သို့လာ၍ ဟောပြောရန်ဖိတ်ပါသည်။ လူငယ်တို့၏တန်ဖိုးများအကြောင်းကိုသွားဟောပြောစဉ်. . ယခင်ကသိကျွမ်းဖူးသော ဆရာဦးတင့်နိုင်တို့ဇနီးမောင်နှံနှင့်တွေ့ရပါသည်။ ဇူလိုင်လ(၄)ရက်နေ့တွင် မွေးဖွားသောသူတို့၏ သမီးကလေးအက်စတာနှင့် မိတ်ဆက်ပေးပါသည်။ လှပ၍ဉာဏ်ရည်ထက်မြက်သော အက်စတာသည် သွက်လက်ချက်ချာသော အမွှေကို မိခင်ထံမှရဟန်ရှိပါ၏။ သူ့မိခင်က အမေရိကန်လွတ်လပ်ရေးနေ့မှာ မွေးတာလေ။ အဖေနဲ့တူတယ်မဟုတ်လားဟု ပြောရာရယ်မောခဲ့ရပါ၏။ စင်စစ်. . .**

**လွန်ခဲ့သောနှစ်ပေါင်း (၂၀၀၀) ကျော်က. . ဇူလိုင်လ(၄) ရက်နေ့မှာ အမေရိကန်ပြည်ကြီးလွတ်လပ်ရေးရခဲ့ပါ၏။ ဖိလေဒေဖီးယားစာတန်းကို ထုတ်ပြန်၍ လွတ်လပ်ရေး၏ အခြေခံအချက်များကို မှတ်တမ်းတင်ကာ ကမ္ဘာတစ်ဝှမ်းသို့ ထုတ်ဖော်ကြေငြာခဲ့ပါသည်။ ထိုအချက်များတွင်အရေးပါသောစကားတစ်ရပ်မှာ. . အမေရိကန်ပြည်ထောင်စုသည် လွတ်လပ်ရေးကိုလိုချင်သောကြောင့်၊ လိုအပ်သောကြောင့်. . ယနေ့မှစ၍ လွတ်လပ်မှုကိုပေးအပ်ပါသည်. . ဟု ပါရှိခဲ့ပါ၏။ထိုအကြောင်းကို အောက်မေ့သောအခါ ယနေ့ ကျွန်တော်တို့၏အနေအထားများ မလွတ်မလပ်၊ ချုပ်နှောင်မှုများရှိနေပါသလား။ အမေရိကန်ကဲ့သို့ လွတ်လပ်ရေးရပြီလားဟု ဆင်ခြင်မိပါသည်။ လူကို ဘုရားသခင်ဖန်ဆင်းသောအခါ လွတ်လပ်မှု၊ ပျော်ရွှင်စွာနေထိုင်ရန်နှင့် ထာဝရအသက်ကို ရပိုင်ခွင့်ပေးထားပါ၏။ သို့သော် စာတန် အုပ်စိုးသောအချိန်မှစ၍ လွတ်လပ်မှုကို ဆုံးရှုံးခဲ့ရပါပြီ။ မကောင်းသောအကျင့်နှင့် ဒုစရိုက်နှောင်ကြိုးဖြင့် ချည်နှောင်ခြင်းခံရပါ၏။ ကောင်းကင်မှ တမန် သုံးပုံတစ်ပုံသည် စာတန်ကို ကူညီလျက် လူသားများကို ဖိနှိပ်ချုပ်ချယ်ကာ ဆိုးသွမ်းမှုဘောင်ထဲမှာ လှောင်ပိတ်ခဲ့ပါ၏။**

**သခင်ယေရှုသည် လောကသို့ဆင်းသက်ကြွလာကာ လူသားတို့အား အပြစ်၏ချုပ်နှောင်ခြင်းနှင့် သေခြင်းထောင်မှ လွတ်မြောက်ဖို့ရန် ကယ်တင်ခဲ့ပါ၏။ သို့သော် မလွတ်လပ်သေးသော ဝိညာဉ်အများ ရှိပါသည်။ အကြောင်းမှာ. . . လွတ်လပ်ရေးကိုမလိုချင်၊ မလိုအပ်ဟု ယူဆလျှင်၊ သခင်၏ရွေးနုတ်ခြင်းကို အမွေမခံနိုင်ပါ။ သခင်ယေရှုကိုယုံကြည်လျက် ကိုယ်တိုင်ဒုစရိုက်မှ လွတ်မြောက်ဖို့ရန် စိတ်ဆန္ဒရှိဖို့ အရေးကြီးပါသည်။ ကိုယ်တိုင်က ဒုစရိုက်ကိုမမုန်းလျှင် ကယ်တင်ခြင်းကို မည်သို့ရရှိနိုင်ပါမည်နည်း။**

**ဇူလိုင်လ (၅) ရက်၊ ၂၀၀၇ ခုနှစ် (ကြာသာပတေးနေ့)**

အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ ထွက်သွားမည်အကြောင်း၊ ဘုရားသခင်ခေါ်တော်မူသောအခါ သူသည် အဘယ်အရပ်သို့သွားသည်ကို ကိုယ်တိုင်မသိဘဲလျက် ယုံကြည်ခြင်းအားဖြင့် နားထောင်၍ ထွက်သွားလေ၏။ (ဟေဗြဲဩဝါဒစာ၊ ၁၁း၈)

## "ယုံကြည်ခြင်းအားဖြင့် ..."

**တာချီလိတ်မြို့တွင် ရောက်နေစဉ် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ ဆရာဂွန်ရှင်းမန်က ဖိတ်ခေါ်သဖြင့် နှစ်ညသွားအိပ်၍ စာပေဟောပြောပွဲကလေးတစ်ပွဲ သွားဟောပြော ဖြစ်ပါသည်။ ဆရာဂွန်၏ အသင်းတော်မှာ ပြုလုပ်၍ ညနေ(၇)နာရီမှ စပါသည်။ မမျှော်လင့်ဘဲ ယုံကြည်သူများစွာ တက်ရောက်လာကြပါသည်။ ဆရာတို့သည် ထိုဒေသ၌ ရောက်နေသော ယုံကြည်သူများကို စုစည်း၍ 'ကျေးဇူးတော်' အသင်းတော်ကို နှစ်ပေါင်းများစွာ ကြိုးစား၍ တည်ဆောက်ခဲ့ရာ၊ ယခုအခါ ဗိမာန်တော်လှလှတစ်လုံးကိုပင် ဆောက်လုပ်နေပါပြီ။ ဆရာကတော် 'ယေ့ကပ်' ကဝအမျိုးသမီး၊ ဆရာက ချင်းတောင်တန်းမှ စာရေးဆရာ ဖြစ်ပါသည်။ ကလေးများစွာ မွေးဖွားလျက် မိသားစု တစ်ခုလုံးသည် တစ်ပြည်တစ်ရွာမှာ ပင်ပန်းစွာ အမှုတော်ဆောင်ပါ၏။**

**စာပေဟောပြောပွဲပြီးလျှင် ညဆယ်နာရီခန့် ရှိပါပြီ။ ဆရာက ကော်ဖီသောက်မလား ဟုမေးရာ ကျွန်တော်က ဝမ်းသာစွာဖြင့် သောက်ချင်တယ်ဟုပြောလျှင် ဆိုင်ကယ်များဖြင့် မယ်ဆိုင်မြို့ထဲမှ ညထွက်ရောင်းသော လမ်းဘေးကော်ဖီဆိုင်များသို့ ပို့ပါ၏။ သူ့ဇနီးကို လိုက်ခဲ့ချင်လိုက်ခဲ့ဟုပြောလျှင် ယေ့ကပ်သည် ဘောင်းဘီတိုနှင့်ထက၍ သူ့ကလေးများကိုပါ ဆိုင်ကယ်ပေါ်တင်လျက် တို့မိသားစု ပျော်ပျော်ပါးပါးလည်လည် သွားကြမယ်ဟု သီချင်းအော်ဆိုလေ၏။ စင်စစ် ငယ်ရွယ်သောသူဖြစ်ပါလျက် သာသနာအမှုမှာ နေ့စဉ်ငြိုးငြဲ့ရစောင့်ထိန်းရ၊ ရုန်းကန်ရသဖြင့် ရှားရှားပါးပါး အခွင့်ရလျှင် ဝမ်းမြောက်ဝမ်းသာနှင့် သီချင်းဆိုရင်း၊ မယ်ဆိုင်ညမှာ ဆိုင်ကယ်ကို လီဗာအကုန်နင်း၍ စီးလေ၏။ ကလေးများကလည်း အမေနည်းတူ ပျော်ပျော်ပါးပါးရှိလျှင် ဆရာဂွန်သည် မချိတရိပြုံးလေ၏။**

**ဆက်ကပ်သော အသက်တာများတွင် အခြားသူ မသိနိုင်သော ပင်ပန်းမှု၊ စွန့်လွှတ်ရမှုများစွာ ရှိပါသည်။ မည်သူမဆို မိသားစုနှင့် ရွှင်လန်းဝမ်းမြောက်လိုကြပါ၏။ သို့သော် တာဝန်ကြီးကြီး ထမ်းရွက်နေသော မိဘများတွင် သားသမီးများက အခွင့်အရေးများစွာ စွန့်လွှတ်ပေးရပါသည်။ သို့သော်လည်း၊ ငါတို့ မိဘက ငါတို့ကို မချစ်ဘူး၊ ဂရုမစိုက်ဘူး၊ နားမလည်ဘူးဟု တွေးတောမည့်အစား မိဘများအတွက် စွန့်လွှတ်ပေးရသမျှကို ဂုဏ်ယူပေးစေလိုပါ၏။ ငါတို့မိဘသည် သူများမိဘထက်သာ၍ ခဲယဉ်းသောအလုပ်၊ ကြီးမြတ်သောအလုပ်ကို ဆောင်ရွက်နေရသည်ဟု ယုံကြည်၍ နားလည်ပေးလျှင် အိမ်ထောင်၌ ပျော်ရွှင်ခြင်း၊ အစဉ်ရှိပါလိမ့်မည်။**



**ဇူလိုင်လ(၆) ရက် ၊၂၀၀၇ ခုနှစ်(သောကြာနေ့)**

အသက်ရှင်ရသောအကြောင်းနှင့်တကွ၊ ကျေးဇူးတော်များကိုပြုတော်မူပြီ။ ကြည့်ရှုပြုစုခြင်းကျေးဇူးတော်သည်လည်းအကျွန်ုပ်ဝိညာဉ်ကိုမစပါပြီ။(ယောဘဝတ္ထု၊၁၀း၁၂)

## "ဝိညာဉ်ကိုမစပါပြီ ..."

ဓမ္မသီချင်းဗိစီဒီ၏အမည်မှာ. . နောက်ဆုံးအချိန်ထိ၊ သစ္စာရှိ ဖြစ်ပါ၏။ တေးသံရှင်ဂွန်နသန်နှင့် စံပယ်သင်းတို့ဇနီးမောင်နှံ၊ သီချင်းရေးသော စောဂျိုးဂျို တို့ကြိုးစား၍လုပ်ဆောင်သော ခေတ်ပေါ်ဓမ္မသီချင်းတေးစုကို မရောင်းတော့ဘူး။ အလှူငွေပဲ. . ရသလောက်ပေါ့။ ကျွန်မတို့ဆက်ကပ်ပြီးလုပ်ဆောင်ထားတာ. . ဟုပြောပြပါသည်။ အလှူငွေဆိုတော့လည်းခက်သား။ တစ်ချို့ကငါးရာ. . တစ်ချို့ကတစ်ထောင်၊ တစ်ချို့ကပိုက်ဆံမရှိလို့ပေးပါနော်. . ဟုပြောကြရာ၊ အတော်ခက်ခဲပါသည်။ စွန့်စွန့်စားစားဘုရားပေးသလောက်ပဲယူမယ်ဟု ဆုံးဖြတ်ရဲသောသူတို့ကိုလည်း ချီးမွမ်းပါ၏။ သူတို့ကိုယ်တိုင်လည်း. . . ခက်ခဲစွာဖြန့်ချိကြရပါလိမ့်မည်။ ဤကဲ့သို့ ဓမ္မဒါနဆိုတာကလည်း ကြုံမှမကြုံဖူးပဲလေ။

မန္တလေး၊ မိုးကုတ်မြို့သို့သွား၍ ဖြန့်သောအခါ သူတို့မှာစရိတ်က အတိအကျပဲရှိပါ၏။ မိုးကုတ်မှာ အခွေသွားထားခဲ့၍ ပြန်မည်ဟုစီစဉ်ကာ ရထားလတ်မှတ်တောင်ဝယ်ထားပါ၏။ သို့သော်. . မိုးကုတ်မြို့သို့ရောက်၍ စာရေးဆရာကိုကောင်းနှင့် တွေ့လျှင်မပြန်နိုင်တော့ပါ။ ဆရာကိုကောင်းက. . သူတို့ကိုအချိန်ပေး၍ ပြုစုကျွေးမွေးကာ၊ဥပုသ်နေ့မှာလည်း ပါဝင်ဖို့၊သက်သေခံဖို့အခွင့်ပေးရာ၊ ဘုရားရှင်အမှုတော်မြတ်၌ စိတ်အားကြီးသော ထိုမိတ်ဆွေသုံးဦးသည် ဝမ်းမြောက်စွာလက်ခံသဖြင့် ရထားလက်မှတ်ဆုံးလေ၏။ သို့သော် ဘုရားရှင်ကောင်းမြတ်ပါသည်။ ဥပုသ်နေ့လွန်လျှင်. . သူတို့ပြန်လာနိုင်ဖို့စရိတ်ကို ဘုရားရှင်ပြင်ဆင်ပေးပါသည်။ ဆရာတော်ကြီးဦးမောင်စိန်မှ. . စရိတ်ထောက်ခဲ့ပါ၏။ တကယ်ဆို သူတို့အခွေရောင်းရတာက. . အနည်းအပါးမျှသာဖြစ်သော်လည်း. .၊လုံလောက်စွာပြန်လာခဲ့ရပါသည်။ ဆုံးရှုံးခဲ့ရသော ရထားလတ်မှတ်ဖိုးထက် အဆတစ်ဆယ်မကဘုရားရှင်ပေးခဲ့ပါသည်။

ဓမ္မသီချင်းများဖြင့် အမှုတော်ဆောင်ကြသောသူများသည် ယောဘကဲ့သို့ပဲ ဆင်းရဲပင်ပန်းကြရပါသည်။အမှုတော်ဆောင်များသာမက၊ယုံကြည်သူများသည်လည်း ခက်ခဲစွာအသက်ရှင်ရသောနေ့ရက်များရှိပါ၏။ ဝေဒနာများစွာကိုအရင်းခံ၍ ဘုရားရှင်အပေါ်၌ သစ္စာရှိကြောင်းပြကြရသဖြင့် မသက်သာလှပါ။ သို့သော် ယောဘသည်စိတ်မပျက်။ အသက်ရှင်ရသောအကြောင်းကိုပင် ကျေးဇူးတော်ချီးမွမ်းပါသည်။ ယောဘနည်းတူအသက်ရှင်ရသောအခွင့်သည် အရေးကြီးအဆုံးဖြစ်၍ ဝိညာဉ်ကိုမစခြင်းအတွက် ကျွန်တော်တို့ ကျေးဇူးတော်ကို ချီးမွမ်းကြပါစို့။ ဟာလေလုယ။

**ဇူလိုင်လ(၇) ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

သင်တို့သည်စိုးရိမ်ခြင်းနှင့် ကင်းလွတ်စေခြင်းငှာ ငါအလိုရှိ၏ ခင်ပွန်းမရှိသော သူသည် ဘုရားသခင်၏စိတ်တော်နှင့်တွေ့စေခြင်းငှာ သခင်ဘုရား၏အမှုကိုသာ သတိထားတတ်၏။(ကောရိန္သုဩဝါဒစာပထမစောင်၊ ၇း၃၂)

---

## "ခင်ပွန်းမရှိသော်လည်း ..."

လွန်ခဲ့သောပေါင်းသုံးဆယ်တုံးက ကောလိပ်ကျောင်းသားဘဝမှာ အခင်ဆုံးသူငယ်ချင်း ငါးယောက်ရှိခဲ့ရာ၊ တစ်ယောက်၏အမည်မှာ နော်စကောဖော ဖြစ်ပါသည်။ တောင်ငူသူ ပိန်ပိန်ချောချောသည် အလွန်ချိုသောအသံနှင့် သီချင်းဆိုတတ်ရုံမက နောက်လည်းနောက်တတ်၊ ပျော်တတ်သူမို့ လေးနှစ်တိုင်တိုင် ခိုင်ခိုင်မာမာခင်မင်ခဲ့ကြပါ၏။ ကျောင်းပြီး၍ တောင်ပေါ်မှာ ပညာရေးဝန်ထမ်းသွားလုပ်သဖြင့် တစ်ခါမျှပြန်မဆုံရသည့်တိုင် သူမ၏မွေးနေ့ကျလျှင် မြန်မာ့အသံမှာ သီချင်းတောင်းပေးတာကို လုပ်မြဲဖြစ်ပါသည်။ ယခုနှစ် တာချီလိတ်ကျမ်းစာသင်တန်းသို့ရောက်လျှင် ဆရာကွယ်မူးအမည်ရှိ လူငယ်အမှုတော်ဆောင်ကို တွေ့ရပါ၏။ သူက ဆရာသိမယ်ထင်တယ်၊ ကျွန်တော်က ဆရာမစကောဖောရဲ့တူပါ. . ဟု မိတ်ဆက်လျှင် ဝမ်းသာအားရဖြင့် "ဟုတ်လား၊ ဝမ်းသာလိုက်တာ. .၊ဆရာကလေး ဘယ်နှယောက်ရှိပြီလဲ ဟု အလျင်စလိုမေးမိပါ၏။ သူ၏မျက်နှာရှုံ့တွသွားကာ. . အိမ်ထောင် မကျသေးပါဘူးဗျာ. . ဟု ညည်းတွားရှာပါ၏။

ချောမော၍တော်သော်လည်း ယခုတိုင်ဆရာသည် တစ်ကိုယ်တည်းပါပဲ။ ချစ်ဖူးသူရှိသော်လည်း စုံဖက်ခွင့်မရ။ နောက်တစ်ခါချစ်ပြန်တော့လည်း ကိုရီးယားရုပ်ရှင်ထဲကလို ထောက်ထားရမယ့်မျက်နှာတွေရှိပြန်။ တစ်ခါထပ်ချစ်တော့လည်း. . မိန်းကလေးကအလွန်လှ၍ ရန်သူတွေကပတ်လည်ဝိုင်းနှင့် အချိန်တွေကကုန်. . ကုန်သွားရာ၊ သူ့ခမျာရှင်ပေါလုလိုပဲ သူများကိုသွန်သင်ရင်း ဆိုင်ကယ်အစုတ်တစ်စီးနှင့် အထီးကျန်ကောင်းနေဆဲဖြစ်ပါသည်။ သူငယ်ချင်း၏တူဆိုတော့ မ စဖို့ကြိုးစားသော်လည်း မလွယ်ကူသဖြင့် လက်လျှော့ခဲ့ရပါ၏။ သို့သော်. . ဆရာကျမ်းစာသင်သော သင်ခန်းစာကိုနားထောင်မိလျှင်အလွန်ကောင်းပါ၏။ ဝတ်ပြုခြင်းနှင့်ဆိုင်သော သမ္မာကျမ်းစာသင်ကြားချက်မှာ ဒိုးဒိုးဒေါက်ဒေါက်နှင့် ထိရောက်ရာ အလွန်ခွန်အားရ၍ ဆင်ခြင်စရာသင်ခန်းစာများရလျှင် ဝမ်းမြောက်ရပါ၏။ တို့ဆရာ. . တကယ်တော်တာပဲဟုချီးမွမ်းစရာပါ။

အကြောင်းအမျိုးမျိုးကြောင့် ချစ်သူများနှင့် ဝေးကွာရသောသူများရှိပါသည်။ သူများတကာလို ရွှေလည်မတွဲနိုင်သော်လည်း ဤအမှုကို ဘုရားရှင်သာပြင်ဆင်ပါသည်။ ရှင်ပေါလုကဲ့သို့ သူတို့သည် ဘုရားသခင်နှင့်ပိုမို၍အချိန်ပေးနိုင်ပါသည်။ သာ၍ရင်းနှီးခွင့်နှင့်ဝိညာဉ်ရေးရာကြီးထွားခွင့်ရှိပါသည်။ ဒါကလည်းပဲ ကျေးဇူးတော်တစ်ပါးဖြစ်ပါသည်။ ဘုရားသခင်၏အမှုကိုသာ၍သတိထားသောသူတို့ကို ဘုရားရှင်သည် မျက်နှာသာပေးသော ထုံးစံရှိသည့်အတိုင်း စိုးရိမ်ခြင်းနှင့်ကင်းလွတ်ရသော အခွင့်ကိုရမည်ဖြစ်၍ ဝမ်းမြောက်စရာဖြစ်ကြောင်း ဖော်ပြပါရစေ။



**ဇူလိုင်လ (၈) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္ဂနွေနေ့)**

ငါ့ကို ယုံကြည်၍ အသက်ရှင်သောသူရှိသမျှတို့သည် သေခြင်းနှင့် အစဉ်မပြတ်ကင်းလွတ်ကြလိမ့်မည်။ ငါ့စကားကို ယုံသလောဟု မေးတော်မူလျှင် . . . (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၊ ၁၀း၂၆)

---

## "ယေရှုသည်အသက် ..."

**အလွန်နှိမ့်ချစွာဖြင့် ဘုရင်တကာတို့၏ဘုရင်၊ သခင်တကာတို့၏ သခင်သည် ဤလောကသို့ ဆင်းသက်ကြွလာခဲ့ပါသည်။ နွားစာခွက်မှာ မွေးဖွား၍ တစ်သက်တာလုံး လမ်းလျှောက်ခဲ့သူ ဖြစ်ပါ၏။ မြေကြီးပေါ်မှာ နှစ်ပေါင်းသုံးဆယ်နှင့် သုံးနှစ်တိုင်အောင် သာမန်လူတစ်ယောက်အဖြစ် နေထိုင်၍ လုပ်ကိုင်စားသောက်ခဲ့ပါ၏။ သူ၌ ပိုင်ဆိုင်သော အရာကြီးကြီးမားမား မရှိပါ။ သူလိုအပ်သောအရာများကိုပင် သူမပိုင်ဆိုင်ခဲ့ပါ။ သူတစ်ပါး၏ ပြင်ဆင်ပေးမှု၊ တစ်နည်းအားဖြင့် ချေးငှါး၍ အသက်ရှင်ခဲ့ရပါ၏။ စ၍မွေးဖွားသော အခန်း၌ပင် မိဘများ မပိုင်သောနေရာ၊ အိမ်၊ အခန်း ဖြစ်၍ သူတစ်ပါးထံမှာ ငှားရမ်းခဲ့ရပါသည်။ အခွန်ဆောင်ဖို့ရန် ငွေကြေးကို ချေးငှါးခဲ့ရပါသည်။ တရားဟောရန်အတွက် သူတစ်ပါး၏ လှေကို ငှါးရမ်းကာ ဟောပြောသွန်သင်ခဲ့ပါသည်။ နောက်ဆုံးသူ့ကို သင်္ဂြိုဟ်သော သင်္ချိုင်းကို သုံးရက်ကြာ ငှါးရမ်းခဲ့ရပါသေးသည်။**

**သို့သော် ယေရှုသည် သာသနာတစ်ခုကို တစ်ဦးတည်းအပြီးအစီး တည်ဆောက်သွား၍ ကမ္ဘာအဆက်ဆက် မည်သူမျှပြော၍ပင် မထွက်သော 'ထာဝရအသက်'နှင့် စပ်ဆိုင်သောအကြောင်းကိုဖော်ပြ၍ အာမခံချက်ပေးခဲ့ပါသည်။ စင်စစ် သခင်ယေရှုသည် လောကနှင့် လုံးဝမဆိုင်သော ဝိဉာဏအသက်တာကိုမူ ပိုင်ဆိုင်၍ သူ၏လူ့ဇာတိခံခြင်းအမှုမှာလည်း လောကအရာကို ပိုင်ဆိုင်ဖို့ရာ ရည်ရွယ်ချက်မရှိခဲ့ပါ။ ပျောက်သောသူတို့အား ရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသည်ဟု ကျမ်းစာကဖော်ပြပါ၏။ (လု၊ ၁၉း၁၀) လူသားတို့၏ အပြစ်ကို သစ်တိုင်ပေါ်မှာ သန့်ရှင်းသောသွေးနှင့် ဆေးကြော၍ ကယ်တင်ခြင်းအမှုတော်ကို ပြီးမြောက်စေခဲ့ပါ၏။**

**ယေရှုက ငါသည် ထမြောက်ခြင်းအကြောင်းနှင့် အသက်ရှင်ခြင်းအကြောင်း ဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း အသက်ရှင်လိမ့်မည်ဟု မိန့်တော်မူခဲ့ပါသည်။ တမန်တော်ကြီး ရှင်ပေါလုက ဖေက်အသင်းတော်သို့ ပေးပို့သောဩဝါဒစာတွင်၊ ခရစ်တော်သည် လူအများအပြစ်တို့ကို ခံခြင်းငှါ တစ်ခါတည်းကိုယ်ကို ပူဇော်ပြီးမှ၊ နောက်တဖန် ထိုသခင်ကို မျှော်လင့်လျက်နေသော သူတို့ကို ကယ်တင်ခြင်းအလို့ငှါ အပြစ်နှင့်မဆိုင်ဟု သွန်သင်ပါ၏။ ယေရှုသည် အသက်ဖြစ်၍ အသက်သခင်ဖြစ်သောကြောင့် ထိုအရှင်ကို ဆည်းကပ်သူတို့သည် သေလွန်သော်လည်း ရှင်လိမ့်မည်။**

**ဇူလိုင်လ (၉) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္လာနေ့)**

သံချေးပိုးရွ မဖျက်ဆီး၍ သူခိုးမထွင်းမဖောက်မခိုးမယူရာ ကောင်းကင်ဘုံ၌ ဘဏ္ဍာကို ဆည်းပူးကြလော့။ အကြောင်းမူကား အကြင်အရပ်၌ သင်တို့ဘဏ္ဍာရှိ၏။ ထိုအရပ်သို့ သင်တို့စိတ်နှလုံး ရောက်တတ်၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၆း၂၀-၂၁)

## "ဆင်းရဲသော သူဌေးကြီး ..."

**အလွန်တရာဘာသာရေးကိုင်းရှိုင်းသော သူဆင်းရဲတစ်ယောက် ရှိပါသည်။ တောင်ကုန်းကလေးပေါ်မှာ တဲအိမ်ငယ်ကလေးတစ်လုံးနှင့် နေပါ၏။ တစ်ပတ်လျှင် တစ်ကြိမ်သူ့ကုလားအုပ်ကို တောင်ကုန်းအောက်ဖက် စမ်းချောင်းဆီသို့ မောင်းသွားကာ ရေတိုက်ပါသတဲ့။ ကုလားအုပ်ကလည်း စမ်းချောင်းသို့ရောက်လျှင် ကျောက်တုံးများကို နှုတ်သီးဖြင့် လှန်လှော၍မှ ရေကိုသောက်လေ့ရှိပါ၏။ တစ်ပတ်မှ တစ်ခါရေသောက်ပါသည်။ ထိုသို့ကျောက်တုံးများကို လှန်လှောလိုက်တိုင်း လှပသောအရောင်တောက်တောက်ကျောက်ခဲတစ်လုံးထွက်ပေါ်လာလေ့ရှိရာ သူဆင်းရဲသည် ဘာရယ်မဟုတ်၊ လှပတောက်ပြောင်သောကျောက်ခဲတစ်လုံးကို ကျောက်ယူပြီး ပြန်လာခဲ့ပါသတဲ့။ ပြီးလျှင် သူ့အိပ်ယာနားမှာပဲ အလှကြည့်၍ ပစ်ထားလိုက်ပါ၏။ နှစ်ပေါင်းများစွာကြာလျှင် သူ့အိပ်ယာနားမှာ လှပတောက်ပြောင်သော ကျောက်ခဲများစွာ ရှိနေပါပြီ။**

**တစ်နေ့တွင် ခရီးသွားဧည့်သည်တစ်ဦး ရောက်လာကာ၊ မြို့တော်ကြီး၏ ပျော်ရွှင်သာယာမှု၊ ရင်ခုန်လှိုက်မောစရာ အရသာများကို ပြောပြလျှင် သူလည်းသွား၍ နေထိုင်လိုပါသတဲ့။ မြို့မှာ နေထိုင်နိုင်ဖို့ ငွေကြေးနှင့် ချမ်းသာကြွယ်ဝခြင်းကို လိုအပ်ပါသည်။ သူဆင်းရဲသည် ထိုအတွက် သူ၏တဲနှင့် ကုလားအုပ်ကို ဧည့်သည်အားရောင်းကာ ချမ်းသာဖို့ ကမ္ဘာအနှံ့လျှောက်သွား၍ လုပ်ငန်းအမျိုးမျိုး လုပ်ဆောင်သော်လည်း စားလောက်ရုံသာရှိ၍ မြို့တော်ကြီးအနားသို့ မချဉ်းကပ်နိုင်ခဲ့ပါ။ ဧည့်သည်ကမူ သူဝယ်သောတဲခန်းတွင်းမှ ကျောက်ခဲလှလှများကို ယူဆောင်ကာ ကုန်သည်များအားပြသလျှင် စိန်များဖြစ်နေကြောင်း သိရ၍ ရောင်းလျှင် ငွေအများအပြားရသဖြင့် ကြွယ်ဝသော သူဌေးအဖြစ်သို့ နေ့ချင်းညချင်း ရောက်လေသည်။ စင်စစ် သူဆင်းရဲသည် စိန်များကို အိပ်ယာနားမှာ ပစ်ထားလျက် တစ်သက်လုံးဆင်းရဲခဲ့ပါသည်။ ထိုစိန်များကို ပစ်ထားလျက် အခြားနေရာများကို ပင်ပန်းကြီးစွာပင် ဥစ္စာဘဏ္ဍာကို သွားရှာနေသေးသည်။**

**လောက၌ အချို့သူများသည် ဆင်းရဲသော သူဌေးများ ဖြစ်ပါသည်။ အချို့ကတော့ ခရီးသွားဧည့်သည်နှင့် တူပါသည်။ ဘဏ္ဍာများကို ရှာဖွေဆည်းပူးကြသူများ ဖြစ်ကြသော်လည်း၊ သံချေးပိုးရွ မဖျက်ဆီး၊ သူခိုးမထွင်းဖောက်သော ကောင်းကင်ဘဏ္ဍာသည် ထာဝရချမ်းသာသုခကို ပေးနိုင်ကြောင်း ဆင်ခြင်ကြပါစို့။**



**ဇူလိုင်လ (၁၀) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)**

ဆားမူကား၊ အငန်ကင်းပျောက်လျှင် ငန်သောအရသာကို အဘယ်သို့ရပြန်မည်နည်း။ ပြင်သို့ ပစ်လိုက်၍ ကျော်နင်းခြင်းမှတပါး အဘယ်အသုံးမျှမဝင်။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၅း၁၃)

## "ဆားတစ်ပွင့် ..."

**စာဘူးတောင်းကျေးရွာတွင် ပြုလုပ်သော မောနွေလ လူငယ်ကျမ်းစာသင်တန်းပေးနေစဉ် ဆရာကြီး ဒေါက်တာမာတင်ညွန့်သည် ကိုယ်တစ်ခြမ်းသာ ချွေးထွက်၍ ဝေဒနာကို ခံစားနေရပါသည်။ ဆရာဝန်၊ အမှုတော်ဆောင်၊ ခေတ်ပညာကို တတ်သိနားလည်သော ထိုဆရာကြီး၏ရောဂါကို ကျွန်တော်တစ်ခါမှ မကြားဖူးပါ။ အံ့သြနေစဉ် ဘယ်လိုကူညီရမှန်းလည်း မသိပါ။ ဒေါက်တာကြီး၏ မျက်နှာကတော့ ရှုံ့တွနေပါသည်။ သူ၏ဇနီးသည်က လူငယ်များကို ခေါ်၍ သင်းအုပ်ဆရာကြီးတိတုအိမ်သို့ တွဲပို့စေပါ၏။ ထို့နောက်ဆားတစ်ပိဿာခန့်ကို တောင်းယူကာ ကျွတ်ကျွတ်အိပ်ပေါ်မှာ ဖြူးထားပြီးမှ ဆရာမာတင်ညွန့်၏ခြေကို ပွတ်ပေးပါသည်။ နင်းခိုင်းပါသည်။ ဆားများက အရေပြားမှတဆင့် အသားထဲစိမ့်ဝင်သွား၍ ဆယ်လေးငါးမိနစ်မှာပင် ဆရာကြီးသည်ချွေးညီညီပြန်ထွက်ကာ သက်သာရာရသည်ကိုတွေ့ရလျှင် စိတ်ပူနေသော ကျွန်တော့်မှာ ပါးစပ်ဟောင်းလောင်း ဖြစ်သွားပါ၏။**

**ဘုရားသခင်ဖန်ဆင်းသော ဆားသည် အလွန်အံ့သြဖွယ် ဖြစ်ပါ၏။ သေးငယ်သော ဆားပွင့်ကလေးများ၏ အစွမ်းသတ္တိကား ကြီးမားလှပါသည်။ ရှေးရှေးကတည်းက အစားအစာများ အရသာရှိဖို့ရန် ဆားကို အသုံးပြုကြပါသည်။ ယဇ်ပူဇော်ရာ အမျိုးမျိုးမှာလည်း ဆားပါရပါ၏။ ဆားထဲမှာ ဆားညှံ့ကလည်း ယုဒပြည်မှာရှိသေး၏။ ဆားအညှံ့ကို မြေသြဇာကျွေးခြင်း၊ နွားချေးများကို လျင်မြန်စွာ အခိုးသတ်သောနေရာမှာ သုံးပါ၏။ (မ၊ ၅း၁၃။ လု၊ ၁၄း၃၅)ဆားကို များများသုံးလျှင် သီးနှံပျက်စီးသော သဘောကိုယူ၍ မြို့များကို တိုက်ခိုက်ပြီး ထိုမြို့ကို နာလန်မထူနိုင်အောင် မြို့ရိုးအခြေများကို ဆားပက်သော ထုံးစံလည်း ရှိသေးသည်။ ဆားအားနှင့် မိတ်ဆွေဖွဲ့၍ 'ပဋိညာဉ်ဆား' ဟူ၍လည်း သုံးစွဲကြသေးသည်။ (ဝတ်၊ ၂း၁၃)စသည်ဖြင့် ဆားနှင့် သက်ဆိုင်သောအကြောင်းအရာ မြောက်များစွာကို သမ္မာကျမ်းစာက ဖော်ပြထားရာ အလွန်အသုံးဝင်သော သဘောကို သိသာထင်ရှားစေပါ၏။ သို့သော် တကယ်တန်းတွင်မူ ဆားပွင့်ကလေးသည် အလွန်သေးငယ်သော ခရစ်စတယ်အပွင့်သာဖြစ်၍ အထင်ကြီးစရာ ခွန်အားရှိမည်ဟု မအောက်မေ့နိုင်ပါ။**

**သခင်ယေရှုက သင်တို့သည် ဤလောက၏ ဆားဖြစ်သည်ဟု မိန့်တော်မူသောအခါ အလွန်ဝမ်းမြောက်ဝါကြွားစရာ ဖြစ်ပါသည်။ လောကကို အကျိုးပြုသူ၊ သေးငယ်သော်လည်း ခွန်အားရှိသောသူ၊ သူများဟု သိမှတ်စရာ ဖြစ်ပါ၏။ သို့သော် သေးငယ်သောဆားတစ်ပွင့်၏ အတွင်းဂုဏ်သတ္တိဖြစ်သော ငန်သည့်အရသာကိုတော့ မပျောက်စေပါမှ ကောင်းသော ဆားတစ်ပွင့်ဖြစ်မည်ကို သတိပြုစရာရှိပါ၏။**

**ဇူလိုင်လ (၁၁) ရက်၊ ၂၀၀၇ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ညီအစ်ကိုတို့ သခင်ဘုရားအားဖြင့်၎င်း၊ တန်ခိုးတော် အရှိန်အားဖြင့်၎င်း၊ ခိုင်ခံ့ခြင်းရှိကြလော့။ မာရ်နတ်၏ ပရိယာယ်ကို ဆီးတားနိုင်မည်အကြောင်း၊ ပြင်ဆင်တော်မူသော လက်နက်စုံကို ဝတ်ဆင်ကြလော့။ (ဧဖက်သြဝါဒစာ၊ ၆း၁၀)

## "ပရိယာယ်ကို ဆီးတားနိုင်မည်အကြောင်း ..."

တစ်ခါက အမေရိကန်ပြည်မှာ စစ်ဖြစ်နေပါသည်။ တိုင်းရင်းသား လူနီများနှင့် နယ်ချဲ့လာသူတို့၏ နယ်မြေလုတိုက်ပွဲ ဖြစ်ပါသည်။ ၁၈၇၆ ခုနှစ် ဇွန်လ(၂၅)ရက်နေ့တွင် စစ်ဗိုလ်ကြီး ကပ်စပါးသည်။ စစ်သည်(၆၅၀)ကို ဦးဆောင်၍ ဘစ်ဟောမြစ်(Bighorn River) ကမ်းနားမှ ရွာတစ်ရွာကို ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ရန် ဆုံးဖြတ်လေသည်။ မြစ်ကလည်း မကျယ်၊ ရွာကလည်း မကြီးမားသဖြင့် ထိုနေရာမှာ လူနီစစ်သားများစွာ ခိုအောင်းမည်ဟု မထင်ပါ။ ထို့ကြောင့် တပ်ကိုသုံးစုခွဲကာ ရွာကိုဝိုင်း၍ညှပ်တိုက်ပါသတဲ့။

သို့သော် ထိုတိတ်ဆိတ်နေသော ရွာကလေးကို စစ်ဗိုလ်ကြီး အထင်သေးခဲ့တာ ဖြစ်ပါ၏။ လူနီစစ်သားပေါင်း (၅၀၀၀) သည် ငြိမ်သက်နေရာမှထ၍ ခုခံလေ၏။ တိုက်ပွဲသည် အင်အားမမျှသောအခါ ဗိုလ်ကြီးကပ်စပါးခမျာ နောက်ဆုတ်ရန် ပြင်ဆင်သော်လည်း နောက်ကျလေပြီ။ စစ်ကူအလာကိုစောင့်၍ တိုက်သော်လည်း ကိုးဆဆယ်ဆမျှ ကွာဝေးသော အင်အားကြောင့် ချေမှုန်းခြင်းခံရပါ၏။ စစ်သည်(၆၅၀)နှင့် စစ်ဗိုလ်ကြီးကပ်စပါးတို့ မည်သို့ဖြစ်ပျက်ကျ ဆုံးသွားကြောင်းကိုပင် သတင်းမရတော့။ သတင်းပို့ရန်အတွက် တစ်ယောက်တလေမျှပင် စစ်ဌာနချုပ်သို့ ပြန်မရောက်လာခဲ့ပါ။ စစ်ပွဲအကြောင်းလေ့လာသူများ၊ သမိုင်းသုတေသီများက ဗိုလ်ကြီးကပ်စပါးသည်ရန်သူကို အထင်သေးခဲ့၍ စစ်ရေးရှုံးရသည်ဟု ဝေဖန်ပါသည်။

ကျွန်တော်တို့၏ နေ့စဉ်အသက်တာမှာ ရန်သူရှိပါသလား။ လောက၌ ရန်သူမရှိအောင် ပါးနပ်လိမ္မာသူဖြစ်သည့်တိုင် ဝိညာဉ်ရေးရာမှာတော့ ရန်သူရှိပါသည်။ နှစ်ပေါင်း (၆၀၀၀)ကျော် လုပ်သက်ရင့်၊ အတွေ့အကြုံရှိသော စာတန်သည် ကျွန်တော်တို့ကို ချေမှုန်းရန်ချောင်းမြောင်းနေပါသည်။ သူ့ဖက်မှာ ကောင်းကင်၏ သုံးပုံတစ်ပုံသော နတ်ဆိုးများပင် ရှိပါသည်။ သည်လို ရန်သူများကို ရင်ဆိုင်နိုင်ဖို့ တစ်ဦးတည်း၊ တစ်ယောက်တည်း၏ ခွန်အားနှင့် ဖြစ်နိုင်ပါ့မလား။ သွေးဆောင်ခြင်းများကို ခိုင်ခံ့စွာတွန်းလှန်ဖို့ ရှင်ပေါလုက သခင်ဘုရား၏ တန်ခိုးတော်အရှိန်ဖြင့်သာ တတ်နိုင်သည်ဟု သွန်သင်ပါ၏။ မာရ်နတ်သည် ပရိယာယ်ကြွယ်ဝသူဖြစ်၍ ထိုပရိယာယ်ကို ဆီးတားနိုင်ဖို့ရန် ဘုရားရှင်၏ လက်နက်စုံကို ဝတ်စုံကို ဝတ်ဆင်ထားရပါမည်။ စင်စစ် ကိုယ်တော်ထံမှ 'ခွန်အား'ကို မယူနိုင်လျှင် အလွယ်တကူရှုံးနိမ့်သွားနိုင်သည်ကို သိမှတ်၍ အစဉ်သဖြင့် ကောင်းကင်သို့ မျှော်ကြည့်၍ စစ်ကူတောင်းထားရပါလိမ့်မည်။



**ဇူလိုင်လ (၁၂) ရက်၊ ၂၀၀၇ ခုနှစ် (ကြာသာပတေးနေ့)**

သေခြင်းကိုလည်း နစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်။ အရှင်ထာဝရဘုရားသည်လည်း ခပ်သိမ်းသော မျက်နှာတို့မှ မျက်ရည်များကို သုတ်တော်မူလိမ့်မည်။ (ဟေရှာယ အနာဂတ္တိကျမ်း၊ ၂၅း၈)

## "သေခြင်းကိုလည်း ..."

**ရောမစစ်ဘုရင် ဂျူးလီယက်ဆီဇာ၏ မွေးနေ့မှာ ဇူလိုင်လ(၁၂)ရက်နေ့ ဖြစ်ပါ၏။ ဂျူလီယက်ဆီဇာသည် ကမ္ဘာပေါ်တွင် အကောင်းဆုံးစစ်သူကြီးလည်း ဖြစ်ပါသည်။ တွေ့ဆုံသမျှ တိုက်ပွဲတို့တွင် အမြဲတန်းအနိုင်ရသူ ဖြစ်ပါသည်။ သူ၏ ရောမအင်ပါယာကြီးသည် ဥရောပတစ်ခွင်၊ မြောက်အာဖရိက တိုင်းပြည်များနှင့် အရှေ့အလယ်ပိုင်းဒေသအထိ ကြီးမားကျယ်ပြန့်ပါ၏။ ရောမလွှတ်တော်သို့ ဝါကြွားသောမိန့်ခွန်းစကား တစ်ခုမှာ ထင်ရှားလှပါသည်။** I came, Isaw,I conquered **(ငါလာသည်။ ငါမြင်သည်။ ငါအောင်နိုင်သည်။) ဟူ၍ ဖြစ်ပါ၏။ တကယ်လည်း ဂျူလီယက်ဆီဇာ ရောက်ခဲ့သမျှ၊ မြင်ခဲ့သမျှနေရာဒေသအားလုံးကို ဓါးတစ်လက်ဖြင့် အောင်နိုင်၍ သိမ်းပိုက်နိုင်ခဲ့ပါပေသည်။**

**ရည်မှန်းချက်ကြီးသော ဆီဇာသည် ဥရောပဘုရင်အဖြစ်နှင့် မကျေနပ်နိုင်သေးပါ။ သူ၏အမည်ကို သမိုင်းတွင်အောင် ကြံဆောင်ခဲ့ပါ၏။ ပြက္ခဒိန်အသစ်ကို ရေးဆွဲသည့်အခါ ရောမတွင် သတ္တမလ၏အမည် ကွန်တီလပ်စ်**(Quintilus)**မှ သူ၏အမည် ဂျူလိုင်**(July) **သို့ မှည့်ခေါ်စေပါသတဲ့။ သူ၏ ရုပ်ထုကိုလည်း အခြားသော ရောမဘုရားများရာ ဘုံဗိမာန်တွင် ထည့်ထား၍ ပြည်သူအများကိုးကွယ်စေပါ၏။ ထိုရုပ်တုပေါ်မှာ၊ အောင်နိုင်သောဘုရား**(To the Unconquerable God)**ဟု ကဗ္ဗည်းထိုးစေခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်၍ မကြာခင်မှာပင် လုပ်ကြံခံရ၍ သူ၏ရုပ်တုအနားမှာပဲ လဲကျသေဆုံးသွားခဲ့ရပါသည်။ မြင်မြင်သမျှကို အောင်နိုင်ခဲ့သော်လည်း သေခြင်းကိုတော့ ဆီဇာ အရှုံးပေးကာ လောကထဲမှ ထွက်ခွာသွားခဲ့ရ၏။ သူသေဆုံးပြီးနောက် နှစ်ပေါင်း(၄၀)ကြာသောအခါ ခရစ်တော်ယေရှုသည် ကောင်းကင်ထီးနန်းကို စွန့်ခွာပြီး၊ ဤမြေကြီးပေါ်သို့ ဆင်းသက်လာ၍ ဗက်လင်မြို့ရှိ နွားစားခွက်တွင် မွေးဖွားခြင်းကို ခံယူတော်မူခဲ့ပါသည်။**

**သက်တော်(၃၃)နှစ်တွင် အသေသတ်ခြင်းခံရတော်လည်း သုံးရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်၍ သေခြင်းကို အောင်မြင်ခဲ့ပါ၏။ စင်စစ် သခင်ခရစ်တော်သာလျှင် အောင်နိုင်သော ဘုရားအစစ်အမှန် ဖြစ်ပါ၏။ ထိုဘုရားရှင်သည် ကျွန်တော်တို့အား သေခြင်းကိုလည်း အောင်နိုင်သောအခွင့် ပေးနိုင်မည်ဖြစ်၍ ခပ်သိမ်းသော မျက်နှာတို့၌ မျက်ရည်များကင်းကွာရသောအကြောင်းကို ဖြစ်စေသောတန်ခိုးသတ္တိ ရှိပါသည်။**

**ဇူလိုင်လ(၁၃)ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

မျက်ရည်ကျလျက် ကြဲရန်မျိုးစေ့ကိုဆောင်၍ ထွက်သွားသောသူသည်ကောက်လှိုင်းများကို ဆောင်လျက်ရွှင်လန်းသောစိတ်နှင့်အမှန်ပြန်လာလိမ့်မည်။ (ဆာလံကျမ်း၊ ၁၂၆း၆)

## “မျိုးစေ့များကိုကြဲသောသူ...”

**၁၈၁၉ ခုနှစ်တွင်၊ရန်ကုန်မြို့သည် စည်ပင်မှုအတော်ကလေးရှိနေပါပြီ။ မြို့လယ်ဆူးလေစေတီအနားမှာ ဆရာယုဒသန်သည် (၂၇×၂၈) ပေရှိသောဝါးထရံကာ၊ သက်ကယ်မိုး၊ ထုံးဖြူသုတ်သော ဇရပ်တစ်ဆောင်ကိုဆောက်လုပ်၍ ဧဝံဂေလိကယ်တင်ခြင်းတရားကို စတင်ဟောပြောပါသည်။ လူအများကြားနိုင်လောက်အောင် မြန်မာသမ္မာကျမ်းစာကိုဖတ်၍၊ စိတ်ဝင်စားသောသူများရောက်လာလျှင် တရားဆွေးနွေးကာ နှစ်ခြင်းခရစ်ယာန်အယူဝါဒကို ကြေငြာလေသည်။ ထိုသို့ကြိုးစား၍ နေ့စဉ်ရက်ဆက်ပြုသော်လည်း ယုံကြည်သူတစ်ဦးမျှမရ။ ခြောက်မိုး၊ ခြောက်နွေကုန်တော့မှ ပထမအသီးဦးဖြစ်သော အသက်(၄၀) အရွယ် ဦးနော ကိုရ၍ နှစ်ခြင်းမင်္ဂလာပေးနိုင်ခဲ့ပါသည်။**

**ဆရာယုဒသန်၏ မြန်မာပြည်၌ ခရစ်ယာန်သာသနာပြုခြင်းအကြောင်းကား ခက်ခဲပင်ပန်း၍ဆင်းရဲဒုက္ခများလှပါသည်။ အကျဉ်းခံရခြင်း အပါအဝင် ပြင်းထန်သောဝေဒနာအမျိုးမျိုးနှင့် သားကွဲ၊ မယားကွဲ၊ စိတ်ဆင်းရဲစရာ၊ ပူပန်သောကနှင့် ပတ်စည်းခံရသဖြင့် လူတစ်ယောက်ဖြစ်သော ဆရာသည် မျက်ရည်များစွာကျခဲ့ပါ၏။ ဆရာကတော်များလည်း မျက်ရည်ကျခဲ့ရပါ၏။ ဆရာ၏သားသမီးများကလည်း များစွာပေးဆပ်ခဲ့ကြရပါ၏။ ယုဒသန်မိသားစုသည် နှစ်ပေါင်းလေးဆယ်နီးပါး မြန်မာပြည်၌ မျက်ရည်ကျလျက်စိုက်ပျိုးခဲ့သော ခရစ်ယာန်သာသနာသည် နောင်နှစ်တစ်ရာနီးပါးရှိမှ အပင်ပေါက်၍စည်စည်ပင်ပင်ဖြစ်လာပါသည်။ ဆရာတို့ကတော့မရှိတော့ပါ။ အသီးအပွင့် အခက်အလက်များကိုကြည့်မြင်၍ ကြည်နူးဝမ်းမြောက်ခွင့်မရခင် ကောင်းကင်နိုင်ငံသို့ ပြန်သွားခဲ့ကြပါပြီ။ သို့သော် သူတို့ကြဲပက်ခဲ့သောမျိုးစေ့၊ လုပ်ကိုင်ထွန်ယက်ခဲ့သော လယ်ကွင်းတို့သည် ဝင်းဝင်းမှည့်လျက်၊ အခိုင်အမာဖြစ်တည်နေပါသည်။**

**ဘုရားသခင်သည် လူအချို့ကိုမျိုးကြဲခြင်းအခွင့်ကိုသာပေး၍ အချို့ကိုရိတ်သိမ်းခြင်းအခွင့်သာပေးပါသည်။ လူနည်းစုကိုသာ မျိုးကြဲခြင်းနှင့် ရိတ်သိမ်းခြင်းအခွင့်ကိုတွဲ၍ပေးပါ၏။ ယနေ့ ကျွန်တော်တို့၏အောင်မြင်မှုအများသည် ဘိုးဘေးတို့၏စွမ်းဆောင်ချက်အမွေဥစ္စာများကို လက်ဆင့်ကမ်းခြင်းလည်းရှိပါသည်။ မြောက်များစွာသောသူတို့သည် မျိုးစေ့ကိုကြဲခဲ့ကြပါ၏။ အောင်မြင်သောရလဒ်ကို မခံစားကြရပါ။ ဆရာယုဒသန်နည်းတူ အောင်မြင်သောရိတ်သိမ်းမှုကို မြင်ခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဝမ်းမြောက်စွာမျိုးစေ့ကြဲရမှာကတော့ ကျွန်တော်တို့၏တာဝန်များသာဖြစ်ပါသည်။**



**ဇူလိုင်လ(၁၄)ရက်၊ ၂၀၀၇ ခုနှစ်(စနေနေ့)**

ထို့နောက် ထောင်မှူးသည်ထောင်အမှုကိုကိုယ်တိုင်ပြန်မကြည့်ရ။ အကြောင်းမူကား ထာဝရဘုရားသည် ယောသပ်ဘက်မှာရှိ၍ သူပြုလေရာ၌အောင်စေတော်မူသတည်း။ (ကမ္ဘာဦးကျမ်း၊ ၃၉း၂၃)

## “အောင်မြင်သူများ ...”

ကမ္ဘာဦးကျမ်းထဲမှ ယောသပ်၏ အခြေအနေကိုဆင်ခြင်စဉ်းစားကြရအောင်။ ယောသပ်သည် တစ်တိုင်းတစ်နိုင်ငံမှရောက်လာသော ကျွန်တစ်ယောက်ဖြစ်ပါသည်။ သခင်တစ်ဦးကိုခန့်ညားလျက် သူစေသမျှကိုဆောင်ရွက်ရပါသည်။ သို့တိုင်အောင် သမ္မာကျမ်းစာက သူပြုလေရာ၌ အောင်စေသည်ဟုဖော်ပြပါ၏။ ယောသပ်သည် အောင်မြင်သောသူဟု ဆိုလျှင် ကျွန်တော်တို့လက်ခံနိုင်ပါ့မလား။ ယနေ့ခေတ်ကာလတွင် ‘အောင်မြင်ခြင်း’ ဟူသောစကားသည် ငွေကြေးဓနဥစ္စာပိုင်ဆိုင်မှုနှင့် ပတ်သတ်နေပါသည်။ သို့သော် ဘုရားသခင်၏အမြင်မှာတော့ အောင်မြင်ခြင်းသည် အကျင့်စာရိတ္တနှင့် သက်ဆိုင်ပါလိမ့်မည်။ ဘုရားရှင်ရှေ့၌ ဖြောင့်မတ်မှန်ကန်သူသည် အောင်မြင်သောအခွင့်ရှိပါ၏။ အလိုတော်အတိုင်း ပညတ်တရားကို လိုက်လျှောက်စောင့်ထိန်းသောအခါ လုပ်ဆောင်သမျှအောင်မြင်ဖို့ရန် အာမခံချက်ရှိပါသည်။ ယောသပ်၏သာဓကကိုပဲ သက်သေပြု၍ သိမှတ်ယုံကြည်စရာဖြစ်ပါသည်။

တရားဟောဆရာ ဒေးဗစ်ဂျရယ်မီး ကအောင်မြင်ခြင်းနှင့်ပတ်သတ်၍ မှတ်ချက်ပြုသောစကားတစ်ခွန်းမှာ. . 'Properity isn't a matter of Circumstance, but a matter of Character' **အောင်မြင်ခြင်းသည် အနေအထားတစ်ခုမဟုတ်ပါ။ အကျင့်သီလတစ်ခုဖြစ်ပါသတဲ့။ ပစ္စည်းဥစ္စာကြွယ်ဝ၍ အနေအထားကောင်းမွန်သော်လည်း အောင်မြင်သည်ဟု မဆိုနိုင်သည့်အကြောင်းကတော့ ထိုအရာများသည် ပျက်စီးဆုံးရှုံးနိုင်သောသဘောရှိ၍ ဖြစ်ပါ၏။ အကျင့်သီလနှင့်ပြည့်စုံလျက် ဘုရားသခင်ကိုချစ်သောသူတို့ အောင်မြင်စရာအကြောင်းကတော့ သူတို့ဘက်မှာဘုရားသခင်ရှိသောကြောင့်ဖြစ်ပါသည်။ ယောသပ်သည် ကျွန်တစ်ယောက်ဖြစ်၍ လောကအမြင်နှင့်တော့အောင်မြင်သူမဖြစ်နိုင်ပါ။ သို့သော် သမ္မာကျမ်းစာက ‘ သူ့ဖက်မှာဘုရားသခင်ရှိသည် ’ ဟုဖော်ပြပါ၏။ သူ့ဖက်၌ အောင်မြင်ဖို့ရန် သေချာလေပြီ။ သူ့ဘက်မှာ ဘုရားသခင်ရှိ၏. . . ။ ယနေ့တွင်. .**

**ကျွန်တော်တို့ဘက်မှာလည်း ဘုရားသခင်ရှိဖို့ရန် အရေးကြီးပါသည်။ သို့မှသာ အောင်မြင်သောသူဖြစ်နိုင်ပါလိမ့်မည်။ ကျွန်တော်တို့ဘက်မှာဘုရားသခင်ရှိဖို့ ဘုရားသခင်နှစ်သက်သောအကျင့်သီလနှင့်သက်ရှင်နေထိုင်လျက်၊ ဘုရားသခင်၏အလိုတော်အတိုင်း လျှောက်သွားနိုင်ဖို့ရန် ကြပ်ကြပ်ဆင်ခြင်သတိပြုရပါလိမ့်မည်။**

**ဇူလိုင်လ (၁၅)ရက်၊ ၂၀၀၇ခုနှစ် (တနင်္ဂနွေနေ့)**

ငါ၏ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း၊ သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။ (ဖိလိပ္ပိဩဝါဒစာ၊ ၄း၁၉)

## "အလိုရှိသမျှတို့ကို ..."

**မိတ်ဆွေတစ်ဦး၏ အိမ်၌ကြီးစွာသော စာတန်းတစ်ခု ချိတ်ဆွဲထားပါသည်။ ဆုတောင်းနေရုံနဲ့မရ။ အလုပ်လုပ်မှ ချမ်းသာသုခကို ရမည်။ ဆုတောင်းလို့ရရင် လူတိုင်းဆုတောင်းမှာပေါ့ . . . ဟူ၍ ဖြစ်ပါသည်။ သူ၏ ယုံကြည်ချက်အတိုင်း ဆုမတောင်းပဲ အလုပ်ကို ကြိုးစားပါသည်။ ချမ်းသာသုခကို နည်းနည်းပါးပါးရသော်လည်း အလွန်ပင်ပန်းစွာ အလုပ်လုပ်နေရပါသည်။ သမ္မာကျမ်းစာကတော့ ထိုသို့မပြောပြပါ။ ပရောဖက် ယေရမိနှင့် တမန်တော်ရှင်ပေါလုက ဆုတောင်းခြင်းဖြင့် ဘုရားရှင်ထံမှ ကျေးဇူးတော်ခံစားရရှိနိုင်ကြောင်း ဖော်ပြပါသည်။ ယေရမိ အနာဂတ္တိကျမ်း၊ ၃၃း၃ တွင် . . . ငါ့ကိုခေါ်လော့ ငါထူးမည်၊ ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသောအရာကို ငါပြမည်ဟု ကတိတော်ရှိပါ၏။ ဖေက်ဩဝါဒစာ၊ ၃း၂၀ တွင်မူ . . . ငါတို့တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုခြင်းငှါတတ်နိုင်သော ဘုရားသခင်ဟု ကျမ်းစာလာပါသည်။**

**သာသနာပြုဆရာမဖြစ်သော ဒယ်ဘလာ**(Darlene Diebler)**၏ သက်သေခံချက်တွင် ဂျပန်ပြည်၌ စစ်ဝေလီ အမှုပြုစဉ် အဖမ်းခံရပါသည်။ အစာရေစာ အငတ်ထား၍ ကျဉ်းသောအခန်းတွင် ပိတ်ထားခံရစဉ် သေးငယ်သောပြတင်းပေါက်မှ ငှက်ပျောပင်ကို လှမ်းတွေ့ရပါသတဲ့။ ငှက်ပျောပင်၌ အသီးရှိရာ ဆာလောင်သောစိတ်ဖြင့် 'ဘုရားသခင် ငှက်ပျောသီးတစ်လုံးပေးပါ၊ တစ်လုံးတည်းပါပဲ၊ ကျွန်မဆာလောင်သောကြောင့် ဖြစ်ပါ၏' ဟု အကြိမ်ကြိမ်ဆုတောင်းမိပါ၏။ တကယ်တော့ အကျဉ်းခန်းကို ကျော်လွန်ဖို့၊ ရယူဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါ။ ထိုနေ့ညနေတွင် သူ့အခန်းကို ဖွင့်သောအသံကြား၍ လှည့်ကြည့်လျှင် ဂျပန်စစ်သားတစ်ယောက်သည် ငှက်ပျောသီးအမှည့်တစ်ခိုင်ကို လာ၍ထားသွားပါသည်။ အားရဝမ်းသာစွာဖြင့် ငှက်ပျောသီးများကို ရေတွက်ကြည့်လျှင် (၉၂)လုံးတောင်ရှိပါ၏။ သူမက တစ်လုံးတည်းသာ တောင်းသော်လည်း ဘုရားရှင်က ငှက်ပျောသီး (၉၂)လုံး ပေးခဲ့ကြောင်း သက်သေခံပါသည်။ ဒယ်ဘလာ၏ မျက်ရည်နှင့် ချီးမွမ်းသော ကျေးဇူးတော်ကို ဘုရားရှင် ဆက်လက်နားညောင်း၍ နောက်ဆုံးတွင် အကျဉ်းစခန်းမှ လွတ်မြောက်ခဲ့ရပါသည်။**

**ဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူပါသည်။ စည်းစိမ်ကြွယ်ဝ၍ ပိုင်သအုပ်စိုးပါသည်။ ကျွန်တော်တို့ လိုသမျှ ခေါင်းခံဖို့ရန် တိုက်တွန်းပါရစေ။ သခင်ယေရှုအားဖြင့် ပြည့်စုံကြရပါလိမ့်မည်။**



**ဇူလိုင်လ (၁၆) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္လာနေ့)**

သူသည် ငါ့ကိုချစ်သောကြောင့် သူ့ကို ငါကယ်နှုတ်မည်။ ငါ၏နာမကို သိသောကြောင့် သူ့ကို ငါချီးမြှောက်မည်။ သူသည် ငါ့ကို ခေါ်သောအခါ ငါထူးမည်။ (ဆာလံကျမ်း၊ ၉၂း၁၄)

## "ချီးမြှောက်ခြင်းငှါ ..."

**စာဘူးတောင်းရွာကလေးမှာ ပြုလုပ်သော မောနွေအသင်းတော် လူငယ်ကျမ်းစာသင်တန်းပြီးလျှင် နေ့လည်စာဖြင့် နှုတ်ဆက်ကြပါသည်။ ထမင်းပွဲများကို ခန့်ညားစွာပြင်ဆင်ထားသည့်ကြားထဲမှာ ဖယောင်းတိုင်များ ထွန်းထားပါ၏။ ကျွန်တော် အံ့ဩနေမိပါသည်။ ဦးကျော်မြင့်က နှုတ်ဆက်စကား ဩဝါဒများ ပြောနေသော်လည်း စိတ်ကဖယောင်းတိုင်းများဆီပဲ ရောက်နေပါ၏။ နေ့ခင်းကြောင်တောင်ကြီးမှာ မောနွေလလူယ်တွေ ဘာလုပ်တာပါလိမ့်ဟု တွေးနေမိပါသည်။ ဦးကျော်မြင့်၏ ဩဝါဒပြီးလျှင် ဆုတောင်းပြီး ထမင်းစားကြပါ၏။ ထမင်းစားလည်း စိတ်မပါ။ ဘာဖြစ်လို့ သူတို့ဒီလိုလုပ်ပါလိမ့်ပေါ့။ ထမင်းစားပြီးလျှင် မနေနိုင်၍ မေးမိတော့မှ လူငယ်ခေါင်းဆောင်မိန်းကလေးက. . . ယင်ကောင်တွေမလာအောင် ထွန်းထားတာတဲ့ဗျာ။ ဟုတ်လည်းဟုတ်ပါသည်။ ယင်ကောင်တစ်ကောင်မှ ထမင်းစားပွဲနားသို့ မရောက်လာခဲ့ပါ။ အသက်ကြီးသော်လည်း ဒီဗဟုသုတတော့ ယခုမှပဲ ကျွန်တော်သိရပါ၏။**

**တာချီလိတ်မြို့နယ်မှ ရှမ်းအသင်းတော်သို့ရောက်၍ ကျမ်းစာသင်တန်းပြီးလျှင် ထမင်းစားရမည်ဟု အောက်မေ့သော်လည်း ထမင်းကို မတွေ့ရ။ ရေခဲဗူးများပဲ တွေ့ရပြန်၏။ ဒီကလေးတွေ. . . ထမင်းမကျွေးပဲ၊ ရေခဲထုပ်တွေပဲကျွေးတော့မည်ဟု အောက်မေ့ကာ စိတ်ညစ်မိပါသည်။ သို့သော် ထိုရေခဲဗူးကိုဖွင့်လျှင် အငွေ့တထောင်းထောင်းနှင့် ထမင်းများ၊ ရေနွေးကြမ်းများ ထွက်လာပါ၏။ အံ့ဩလိုက်တာဗျာ. . . ဒါဟာရေခဲဗူးတွေမဟုတ်လားဟုမေးတော့ ဆရာမကက်သရင်းပုက အားရပါးရရယ်၍. . . ဒီလိုမျိုးလည်း သုံးလို့ရတယ်လေ။ ကျွန်မတို့ဆီမှာ. . . အပူလည်းထည့်၊ အအေးလည်းထည့်တယ်။ ထမင်းတွေ၊ ဟင်းချိုတွေမအေးတော့ဘူးပေါ့. . . ဟု ပြောပြရာ. . . ရေခဲဗူးဆိုသော ပစ္စည်းအကြောင်းကို ယခုမှသိရပါသည်။ တကယ်တော့. . ကျွန်တော်ဟာငတုံးပါပဲ။ အသက်ကြီးပေမယ့် မသိသေးတာ အများကြီးပါလား. . . ဟုအောက်မေ့၍ကျယ်ဝန်းသောလောကကို ပို၍ အံ့ဩမိပါသည်။**

**ဘုရားသခင် ဖန်ဆင်းသောလောကကြီးမှာ မသိသေးတာ၊ မသိနိုင်တာအများကြီး ရှိပါသည်။ ဘုရားသခင်၏ ဉာဏ်တော်ကို စဉ်းစားမိလျှင်သာ၍ အံ့ဩစရာဖြစ်ပါ၏။ လူတို့၏ဉာဏ်နှင့် တွက်ဆတိုင်းတာ၍ မရနိုင်သောကြောင့်. . . ကိုယ်တော်သည် ကြီးမြတ်တော်မူကြောင်း ဝန်ခံစရာဖြစ်ပါသည်။ ထိုအခါ. . . ကိုယ့်ဉာဏ်ကို အားကိုးသောအမှုသည် မိုက်မဲကြောင်း နားလည်ရပါသည်။ ကိုယ်တော်ကိုမှီခို၍ မျက်မှောက်ပြုမှသာ ကြီးမြတ်ခြင်းကို မြင်၍ ကိုယ်တိုင်ကြီးရင့်ခြင်း၊ တိုးတက်ခြင်း၊ အောင်မြင်ခြင်းကို ရနိုင်မည် ဖြစ်ပါ၏။**

**ဇူလိုင်လ (၁၇) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)**

ငါဝါကြွားသောသူမည်သည်ကား ငါသည် မြေကြီးပေါ်မှာ ချစ်သနားခြင်း တရားသဖြင့် စီရင်ခြင်း၊ ဖြောင့်မတ်ခြင်းကို ပြုသော ထာဝရဘုရားဖြစ်ကြောင်းတည်း။ (ယေရမိအနာဂတ္တိကျမ်း၊ ၉း၂၄)

## "ယေရှုနှင့် ကျွန်တော်သက်ဆိုင်သည် ..."

**ဧပြီလ (၂၂)ရက်၊ ၁၉၈၂ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ကာကာ. . . အမည်ရှိဘောလုံးသမား တစ်ယောက်မွေးဖွားခဲ့ပါသည်။ သူ၏ ဇာတိမြေ ဘရာဇီးနိုင်ငံသည် ဘောလုံးသမားအများအပြားထွက်ပေါ်နေသဖြင့် သူတကာထက်ပိုမိုထူးချွန်ထင်ရှားဖို့ မလွယ်ကူပါ။ အသက် (၁၈)နှစ်အရွယ်တွင် ရေကူးကန်ပေါ်မှာ ချော်လဲပြုတ်ကျပြီးနောက် (၆)လကြာအောင် လမ်းမလျှောက်နိုင်သောအခါ. . ဘောလုံးသမားဘဝကုန်ဆုံးပြီဟု မှတ်ထင်ကြပါသည်။ သူကိုယ်တိုင်လည်း ဇက်ကျိုးလုခမန်း ပြင်းထန်သော ဒဏ်ရာကြောင့် အိပ်ယာပေါ်မှာသေတဲ့အထိနေသွားရမည်ဟု အောက်မေ့ခဲ့ပါ၏။ သို့သော် ဘုရားသခင်က သူ့ကို ဘောလုံးကန်ဖို့တဖန် ခွန်အားသစ်နှင့် ပတ်စည်းသောအခါ သူအံ့ဩဝမ်းသားလျက် အိပ်ယာမှထနိုင်ကာ ကျေးဇူးတော်ချီးမွမ်းခဲ့ပါသည်။**

**တခဏတာမဟုတ်ပါ။ သူဂိုးသွင်းနိုင်တိုင်း လက်ညှိုးကို မိုးပေါ်ထောင်ကာ အမြဲကျေးဇူးတော်ချီးမွမ်းပါ၏။ နာမည်ကျော်ကြား၍ ငွေကြေးချမ်းသာလာသော်လည်း စုံစမ်းခြင်းများနောက်သို့ မလိုက်ပါ။ တစ်ဦးတည်းသောချစ်သူ "ကာရိုလင်းဆီလီကို"နှင့် ခရစ်ယာန်ထုံးထမ်းစဉ်လာနှင့်အညီ သန့်ရှင်းသောလက်ထပ်မင်္ဂလာပွဲကို ကျင်းပနိုင်ခဲ့သဖြင့်. . . အခြားသောနာမည်ကျော်ကြားသူများအတွက် ပုံသက်သေဖြစ်ခဲ့ပါ၏။ ယခုနှစ်တွင် ဥရောပချန်ပီယံဖလားကို အောင်နိုင်သောအခါ အပေါ်မှ အေစီမီလန်အသင်းဝတ်စုံကို ချွတ်၍ အောင်ပွဲခံပါ၏။ သူ၏အတွင်းခံအင်္ကျီပေါ်မှာ ရိုက်ထားသောစာတန်းက ထင်ရှားစွာပေါ်လာပါသည်။**

I belong to Jesus, **သခင်ယေရှုနှင့် ကျွန်ုပ်သက်ဆိုင်ပါသည်။**

**ကာကာအမည်ရှိ ဘောလုံးသမားတစ်ယောက်၏ ယုံကြည်ခြင်းနှင့် သက်သေခံခြင်းကို ကြားရမြင်ရသောအခါ ခွန်အားယူစရာဖြစ်ပါ၏။ သေမင်း၏အရိပ်မှ ကိုယ်တော်ကယ်တင်ခဲ့ပါသည်၊ အောင်မြင်ခြင်းအမျိုးမျိုးကို ကိုယ်တော်ပေးပါ၏။ ကျွန်တော်တို့ အသက်တာမှာ အောင်မြင်သည်ဖြစ်စေ၊ ခက်ခဲသည်ဖြစ်စေ. . . ယေရှုနှင့် ကျွန်ုပ်သက်ဆိုင်ပါသည်ဟု နှလုံးစိတ်ဝမ်းတွင် အမှတ်အသားပြုလျှင် ကိုယ်တော်ကလည်း အံ့ဩဖွယ်အမှုကို ပြုမည်မှာ သေချာပါ၏။ တစ်သက်လုံး ဒုက္ခိတဖြစ်ရပြီဟု ဆရာဝန်များဆုံးဖြတ်သော်လည်း ယခုတော့ ကာကာသည် ဘောလုံးကွင်းထဲမှာ ပြေးလွှားနိုင်သော ပကတိကျန်းမာသူ ပြန်ဖြစ်လာနိုင်သောအခွင့်ကို ဘုရားသခင်ပေးနိုင်ခဲ့၏။ ပေးခဲ့ပါ၏။**



**ဇူလိုင်လ (၁၈) ရက်၊ ၂၀၀၇ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

သင်တို့သည်အဓမ္မအမှုရှိသမျှတို့ကို စွန့်ပစ်၍ ပြောင်းလဲကြလော့။ ပြောင်းလဲကြလော့။ ဒုစရိုက်အပြစ်ကြောင့် ထိမိ၍ ဆုံးခြင်းသို့ မရောက်ကြနှင့်။ (ယေဇကျေလအနာဂတ္တိကျမ်း၊ ၁၈း၃၀)

## "ပြောင်းလဲကြဖို့ရန် ..."

**တစ်ခါတုံးက ဘုရင်တစ်ပါးရှိသတဲ့။ သူ့ခေတ်သူ့အခါက ဖိနပ်မပေါ်သေးတာ၊ လူတွေဖိနပ်မစီးကြသေးဘူးတဲ့လေ။ တစ်နေ့တော့. . . သူတိုင်းပြည်အကြောင်း သိချင်တာမို့ တိုင်းခန်းလှည့်လည်ခရီးထွက်လာသတဲ့။ တစ်မြို့ပြီးတစ်မြို့၊ တစ်ရွာပြီးတစ်ရွာ၊ တစ်နယ်ပြီးတစ်နယ်လျှောက်သွားတဲ့အခါ လမ်းကြမ်းတွေကိုလည်း ဖြတ်သန်းခဲ့ရတာပေါ့။ သူ့နန်းတော်ကို ပြန်ရောက်တဲ့အခါ ခြေဖဝါးတွေနာပြီး သွေးတွေတောင်ထွက်နေသတဲ့။ အဲဒီမှာတင်. . . ဘုရင်ကြီးက သူ့မှူးမတ်တွေကိုခေါ်ပြီး. . .**

**ငါ့တိုင်းပြည်က လမ်းတွေသိပ်ကြမ်းတယ်။ သွားရလာရတာ ခြေထောက်နာတယ်။ ဒီအခြေအနေကို ငါပြောင်းလဲပစ်ချင်တယ်။ ဒါတော့. . . တိုင်းပြည်ထဲမှာရှိရှိသမျှ တိရစ္ဆာန်တွေကိုသတ်ပြီး အရေခွံကိုခွာ လမ်းတကာမှာခင်းထားရမယ်။ ဒါမှတိုင်းသူပြည်သားတွေလည်း လမ်းချောချောမှာ မပင်မပန်းလျှောက်သွားနိုင်ကြမယ်။ ငါလည်းနောက်တစ်ခါတိုင်းခန်းလှည့်လည်ရင် ခြေထောက်မနာတော့ဘူးပေါ့. . . ဟု အမိန့်တော်ချသတဲ့။ ဒီအမိန့်တော်ကို ကြားရတယ်ဆိုရင်ပဲ၊ တစ်တိုင်းပြည်လုံးစိတ်ညစ်ကြတာပေါ့။ ဘုရင်ကြီးရဲ့ စေတနာတော့ကောင်းပါရဲ့။ တိရစ္ဆာန်တွေမျိုးပြုတ်ရင်၊ ဘယ်လိုလုပ်ကိုင်စားသောက်နိုင်တော့မလဲ. . . ဆိုပြီး သောကများချိန်မှာ ပညာရှိ သက်တော်ရှည်အမတ်ကြီးက အခစားဝင်ပြီး လျှောက်တင်သတဲ့။ ဘုရင်းကြီးခြေထောက်နာကျင်တာ လမ်းကြမ်းလို့ဟုတ်ပါတယ်။ သို့ပေမယ့် လမ်းတကာကို တိရစ္ဆာန်သားရေနဲ့ ခင်းမယ့်အစား ဘုရင်ကြီးခြေထောက်နှစ်ဖဝါးစားကိုပဲ သားရေပြားနဲ့ ကပ်ထားပြီး လျှောက်သွားကြည့်ရအောင်. . . ဟု အကြံပေးပါသည်။ ဘုရင်ကြီးကလည်း သဘောတူ၍ စမ်းကြည့်တော့အဆင်ပြေတာနဲ့ ဖိနပ်ဆိုသည့် အသုံးအဆောင် တစ်ခုပေါ်ပေါက်လာခဲ့ပါသတဲ့။ တိုင်းသူပြည်သားတွေလည်း. . . 'ဖိနပ်စီးကြ. . .'ဟု အမိန့်တော်ပြောင်းလဲပြီး ချမှတ်ခဲ့ပါသတဲ့။**

**ပြောင်းလဲစေချင်သောစိတ်ရှိသည်ကတော့ ကောင်းပါသည်။ သို့သော်. . သူတစ်ပါးကို ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီးမှ ပြောင်းလဲမည့်အခြေအနေရှိလျှင် အခြားတနည်းနှင့် စဉ်းစားကြည့်ကြရအောင်။ ကျွန်တော်တို့ဖက်က. . . ဘာများပြုပြင်နိုင်မလဲ၊ ပြောင်းလဲမလဲဆိုတာမျိုး အရင်တွေးတောကြည့်လျှင်သာ၍ အကျိုးရှိပါလိမ့်မည်။ အခြေအနေတစ်ခု၊ အသက်တာတခုကို ပြောင်းလဲစေချင်ခဲ့လျှင် ကိုယ်တိုင်က အလျင်ပြောင်းလဲမှုကို စတင်ဖော်ပြရပါမည်။**

**ဇူလိုင်လ(၁၉)ရက်၊ ၂၀၀၇ ခုနှစ် (ကြာသပတေးနေ့ )**

သင်တို့သည် အဆိုးဖြစ်လျက်ပင် ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမကကောင်းကင်ဘုံ၌ရှိ တော်မူသောသင်တို့အဘသည် ဆုတောင်းသော သူတို့အား ကောင်းသောအရာကိုသာ ပေးတော်မူမည်မဟုတ်လော။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၇း၁၁)

## "အဆိုးဖြစ်လျက်ပင် ..."

**တကယ်တန်းကြီးကြီးကျယ်ကျယ်ပြောရမည်ဆိုလျှင်. . . ငါတို့ကရှေးပြန်မာဘုရင်ကတည်းက နန်းတွင်းမှာခစားရတဲ့ သမားတော်မျိုးရိုးဟ. . . ဟု ဇနီးသည်ကို ကြွားမိပါ၏။ သမားတော်ကြီးဦးခဲသည် ကုန်းဘောင်ခေတ်နန်းတွင်းမှာ ထင်ရှားတဲ့ဆေးဆရာပေါ့။ သူ့ရဲ့သား၊ သူ့ရဲ့မြေး၊ သူ့ရဲ့မြစ်၊ သူ့ရဲ့တီ. . တော်တယ်ဟု ကျွန်တော်က မိသားစုသစ်ပင်** (Family tree) **ကို ရှင်းပြလျှင် သမီးကပါ ရယ်ပါ၏။ တော်တော်ကောင်းတဲ့ မျိုးရိုးပဲဟု ထောပနာပြုပါ၏။ စင်စစ်. . . အမျိုးထဲမှာ သမားဟူးရား အများရှိသော်လည်း ကျွန်တော်ကတော့ ဆေးပညာဘာမှမသိပါ။ သမီးက. . . တလောကအဖေရဲ့ဦးလေးသေသွားတာ သူ့မြေးက ဆေးထိုးပေးထာမှားလို့ဆို. . . ဟု ပြောလျှင် မအီမသာဖြစ်သွားရပါ၏။ တကယ်လည်း အသက်ကြီးသော ကျွန်တော့်ဦးလေးတစ်ယောက်သည် သူ့မြေးက ဆေးထိုးပေးမှာကိုပဲ စောင့်နေ၍ ဆေးထိုးသောအခါ ချက်ခြင်းသေပါ၏။ ဆေးထိုးမှားသွားတာဟု ပြောသော်လည်း ဦးလေးသေပုံက မချိမဆန့်မဟုတ်။ ပြုံးပြုံးကလေးပါပဲ။**

**ရှမ်းပြည်ကို ရောက်လျှင် ဆရာကြီးဦးအားညီက မြေးကလေး နန်းဒေစနာကို ပွေ့ပိုက်ရင်း ဆရာရေ. . . ရှမ်းစကားပုံရှိတယ်ဗျ။ သမီးကိုချစ်တာ သုံးဆယ်သား၊ မြေးကိုချစ်တာ သုံးပိဿာဟု ပြောပြပါ၏။ ကျွန်တော်ဘာမှ ပြန်မပြောခဲ့ပါ။ သူ့မြေးကလေးတကဲကဲကလေး၊ အဖိုးကိုတောင်ပြန် တရားဟောပါသည်။ ပုသိမ်ကိုရောက်လျှင် ဆရာကြီးမန်းအောင်သွင်က သူ့မြေကလေးပန်းနုကို ချီပိုးကာစန္ဒယား၊ တယောစသည်တို့ကို စိတ်ရှည်လက်ရှည်သင်ပေးပါ၏။ စကားများများမပြောသော မန်းအောင်သွင်သည် သူ့မြေးကို အလွန်ဂရုပြုပါ၏။ ပညာသာမကလိမ္မာအောင် သွန်သင်ပါ၏။ ပန်းနု၏ကလေးဒုက္ခများကို ပင်ပန်းစွာခံရင်း ပန်းနုကို သွားလေရာခေါ်ကာ ပြုစုပါ၏။ မြေးတို့ကား အဖိုးအဖွားများကို အတော်နှိပ်စက်သော်လည်း အဖိုးအဖွားတို့က စိတ်မပျက်ကြ။ အချစ်မလျော့ကြပါ။ တိုး၍သာ ကြင်နာကြပါ၏။ နောက်ဆုံးမြေးကဆေးထိုး၍ သေခိုင်းဦးတော့၊ ပြုံးပြုံးကလေးသာ. . သေပေးနိုင်ကြပါ၏။**

**ကျွန်တော်တို့သည် လူသားများသာဖြစ်သော်လည်း မိမိသားမြေးအပေါ်မှာ စိတ်ကောင်းစေတနာကြီးမား၍. . . ကောင်းသောအရာကိုသာပေးတတ်ပါသည်။ သခင်ယေရှုက သင်တို့သည် အဆိုးဖြစ်လျက်ပင်. . . ကိုယ်သားတို့အား ကောင်းသောအရာကို ပေးတတ်လျှင် ထိုမျှမကကောင်းသောအရာကို အဖဘုရားသခင်ထံမှ ရနိုင်ကြောင်း သွန် သင်၍ ဂတိပေးခဲ့ပါသည်။ တောင်းလျှောက်ခြင်းဖြင့် အသက်တာ၌ကောင်းသောအရာမှန် သမျှကို ရယူနိုင်ဖို့ အခွင့်အလမ်းများ သေသေချာချာရှိပါသည် မိတ်ဆွေ။**



**ဇူလိုင်လ (၂၀) ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

အို . . . ဘုရားသခင်၊ ကိုယ်တော်သည် ကျွန်ုပ်ကိုငယ်သောအရွယ်မှစ၍ သွန်သင်တော်မူပါပြီ။ ယခုတိုင်အောင် အံ့ဖွယ်သော အမှုတော်တို့ကို အကျွန်ုပ်ပြပါပြီ။ (ဆာလံကျမ်း၊ ၇၁း၁၇)

## "ယခုတိုင်အောင် ..."

လွန်ခဲ့သော အီစတာနေ့က အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး၍ အိမ်သို့ပြန်လာပါသည်။ ခဏနေပြီးနောက် ဦးဝင်းနိုင်တို့အိမ်ကိုသွား၍ အိမ်ထောင်စည်းဝေးသွားရန် စက်ဘီးစီး၍ ထွက်လာလျှင် မူးနေသော လူရွယ်တစ်ယောက်မောင်းလာသော ပါပလေကာကားသည် ကျွန်တော့်ကိုဝင်၍ တိုက်ပါသည်။ ကန့်လန့်ဖြတ်ကြီးဆိုတော့ စက်ဘီးက လွင့်သွား၍ ကျွန်တော်က ရေယက်တံ၊ စိုက်ပါနှစ်ချောင်းကို ကိုင်ပြီး မနိုင်တော့မှ တစ်ဖက်ခြမ်းသို့ လွင့်စင်လေ၏။ လမ်းဘေးသို့ကျမည်ကိုသိလျှင် ခေါင်းကိုလှန်ထားမိ၍ နံဘေးနှင့် အုန်းကနဲကျပြီးမှ လိမ့်သွားပါသည်။ ရုတ်တရက်မှာ ထူပူနေ၍ ဘာမှမသိ။ စက်ဘီးကို ပြေးကောက်ပြီး အိမ်သို့ကမန်းကတန်း သွားနိုင်သေး၏။ အိမ်သို့ရောက်လျှင် ပြဲကွဲနေသော ခြေထောက်၊ ပေါင်တို့မှ ဒဏ်ရာကြောင့်ကျဆင်းသော သွေးများကြောင့် ထိတ်လန့်ကာ နာကျင်မှုကို ခံစားရပြီ အတော်ကလေးဆေးကုယူရပါ၏။ တကယ်တော့ . . . ကားတိုက်တာပါပဲ။ သေ လောက်သည့်တိုက်ခိုက်မှုဖြစ်သော်လည်း မသေဘဲ ယနေ့၊ ကျွန်တော်၏မွေးနေ့တိုင်အောင် အသက်ရှင်နေသေးတာကို ပြန်တွေးမိလျှင်. . . "ကျေးဇူးတော်" ကိုချီးမွမ်းမိပါသည်။

တစ်ကြိမ်တည်းတော့မဟုတ်ပါ။ ငယ်သောအရွယ်ကပင် သေမင်း၏အရိပ်ကို များစွာဖြတ်သန်းခဲ့ရပါ၏။ ချူချာသောသူဖြစ်၍ မိဘများကလည်း ဆေးကုခဲ့ရပါ၏။ သေလုနီးပါးပါပဲ။ စစ်ပွဲတစ်ခုတွင်လည်ပင်း၌ မျှားစိုက်၍ သေရမည်ဖြစ်သော်လည်း ပြန်လည်ကျန်းမာရပါ၏။ ဓါတ်လှေကားပြုတ်ကျ၍လည်း သေခါနီးဖြစ်ရ၏။ ငှက်ဖျားမိ၍လည်း ရက်ပေါင်းများစွာ သတိမေ့ခဲ့ရပါ၏။ သို့သော်. . . ကိုယ်တော်မစ၍ မသေရသေး။ စင်စစ်. . . ဤအဖြစ်ပျက်များကို မိတ်ဆွေတို့လည်း ကြုံကြရမှာပါ။ ငယ်သောအရွယ်မှစ၍ အသက်၏တန်ဖိုးကို ဘုရားသခင်သွန်သင်ပါသည်။ ယခုတိုင်အောင်လည်း အံ့ဩဖွယ်အမှုကို နေ့စဉ်တွေ့ကြုံ၍ အသက်ချမ်းသာရာရစေပါ၏။ ဆာလံဆရာကိုယ်တိုင်ပင် ဝန်ခံလျက် ဘုရားရှင်၏မစခြင်းကို ချီးမွမ်းသောအကြောင်းကိုခွန်အားယူကြပါစို့။

ကိုယ်တော်သည် အကျွန်ုပ်ကို မစသောသူ၊ ကယ်တင်သောသူဖြစ်တော်မူ၏။ (ဆာ၊၇၀း၅) ငါသည် ဘုရားသခင်၏ နာမတော်ကို ထောပနာသီချင်းဆိုမည်။ ကျေးဇူးတော်ကိုပြ၍ ဘုရားသခင်ကိုချီးမွမ်းမည်. . .။ (ဆာ၊ ၆၉း၃၀)

**ဇူလိုင်လ (၂၁) ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

စာငှက်နှစ်ကောင်ကို အသပြာတစ်ပြား အဘိုးနှင့်ဝယ်ရသည် မဟုတ်လော။ သင်တို့ အဘအခွင့်မရှိလျှင်. . . ထိုစာငှက်တစ်ကောင်မျှ မြေသို့မကျရ. . . သင်တို့သည် စာငှက် အများတို့ထက်သာ၍ မြတ်ကြ၏။ (ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၁၀း၂၉၊၃၁)

## "စာငှက်တစ်ကောင်မျှ ..."

ကမ္ဘာပေါ်မှာ လူတွေအများကြီးပဲ။ ဘုရားသခင်ကို ယုံကြည်သူတွေကလည်း အများကြီးပဲ။ ချီးမွမ်းသံတွေ၊ ဆုတောင်းသံတွေ ဒီလောက်များတာ. . . ဘုရားသခင်ကချောင်ထဲမှာရှိနေတဲ့ ငါ့ကိုဂရုစိုက်နိုင်ပါမလားဟု အူကြောင်ကြောင်တွေးမိခဲ့ဖူးပါသည်။ သေးငယ်သောဦးနှောက်ဖြင့် ဘုရားသခင်ဂရုပြုသောအမှုကို သံသယဖြစ်ခဲ့ဖူးရာ စင်စစ်. . . မိုက်မဲသောအတွေးသာ ဖြစ်ပါသည်။ စင်စစ်. . . ဘုရားသခင်သည် တစ်ဦးချင်းကို ဂရုပြုပါသည်။ တစ်ဦးချင်းစီအတွက် ဘုရားသခင် (God of the individual) **ဖြစ်ပါ၏။**

**သောဒုံမြို့မှာ ဒုက္ခပြဿနာကြုံ၍ လောင်မီးကျရသည့်အခါ သူ၏လူများကို ရွေးထုတ်၍ ဘေးလွတ်ရာသို့ ပို့ဆောင်ပါသည်။ တစ်မြို့လုံးထဲမှာမှ သူ့ကို ခိုလှုံချဉ်းကပ်သောသူများကို လွတ်မြောက်ခွင့်ပေးသောအကြောင်းမှာ. . . တစ်ဦးချင်းကို ဂရုပြုသောသာဓကဖြစ်ပါ၏။ သဘော်သဖန်းပင်အောက်မှာ တစ်ဦးတည်းထိုင်နေသောနာသနေလကို. . . ဘုရားသခင်သည် ဂရုပြုလျက် တစ်ဦးချင်းစကားပြောခဲ့ပါသည်။ ပင်လယ်ကမ်းနားမှာ ဆုတောင်းလျက်နေသော ကောနေလိကိုလည်း ဘုရားရှင်သိမြင်ပါသည်။ သူ၏ဆုတောင်းသံကိုလည်း ကြားခဲ့ပါသည်။ ရာခပ်အမည်ရှိ ပြည့်တန်ဆာမထံသို့ တမန်နှစ်ဦးကို စေလွှတ်ခဲ့သူမှာလည်း ဘုရားသခင်ပါပဲ။ တစ်ဦးချင်းဖြစ်သော်လည်း ကိုယ်တော်ကိုမျှော်လင့်၍ ခိုလှုံကိုးစားလိုသောသူတစ်ယောက်စီကို သခင်ယေရှုဂရုပြုပါသည်။ ဘုရားသခင် သိပါသည်။ သင်. . . ဘယ်သူလဲ။ ဘယ်အမှုကိုကြုံ၍ အဘယ်နေရာမှာရှိနေပါသနည်း။ လူများစွာထဲမှာ သင့်အကြောင်းအရာသည် မြုတ်နေမည်။ မထင်မရှားဖြစ်နေမည်. . . ဟုမအောက်မေ့ပါနှင့်။ ဘုရားသခင်က တစ်ဦးစီကို ချစ်လျက် ဂရုပြုနေသည်ကို. . . အကြွင်းမဲ့ယုံကြည်ပါ။**

**ရှင်မဿဲခရစ်ဝင်ကျမ်းတွင်. . . စာငှက်တို့၏ တန်ဖိုးကို ဖော်ပြပါသည်။ အင်မတန်သေးငယ်သော တန်ဖိုးပါ။ သို့သော်. . . စာငှက်ကိုပင် ဘုရားရှင်ဂရုပြုပါသည်။ ကျွန်ုပ်တော်တို့ တစ်ယောက်စီသည် စာငှက်တစ်ကောင်ထက်များစွာသာ၍ မြတ်ပါ၏။ သို့ဆိုလျှင်. . . ကိုယ်တော်သည် ကျွန်တော်တို့ တစ်ယောက်စီအား ဂရုမပြုပဲနေမည်မဟုတ်ပါ. . . မိတ်ဆွေ၊ ကိုယ်တော်သည် အသရိတစ်ပြားမျှသာ အဖိုးထိုက်သောစာငှက်ကို အခွင့်မရှိလျှင် မြေပေါ်သို့ကျခြင်းမှ ကာကွယ်ပါသည်။ ထို့ထက်သာ၍ တန်ဖိုးထားလျက် ဖန်ဆင်းတော်မူသော ကျွန်တော်တို့ကိုသာ၍ အခွင့်ပေးကာ ဂရုပြုမည်မှာ ယုံကြည်စိတ်ချနိုင်ကြောင်း နှိုးဆော်ပါရစေ။**



**ဇူလိုင်လ (၂၂)ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

မာရ်နတ်၏ အလိုအတိုင်းဖမ်းမိသော ထိုသူတို့သည် သတိရ၍၊ ထိုဖမ်းမိရာမှ လွတ်ခြင်းသို့ ရောက်ကောင်းရောက်ကြလိမ့်မည်။ (တိမောသေသြဝါဒစာ၊ ဒုတိယစောင်၊ ၂း၂၆)

## "လွတ်ခြင်းသို့ ...."

တွမ် ဆိုသော အင်္ဂလိပ်ကလေးကို ရှောင်နီကုလားလူမျိုးများက ၁၇၅၅ ခုနှစ် ဇူလိုင်လ (၈)ရက်နေ့တွင် ဖမ်းမိကြပါသည်။ အသက်(၄)နှစ်သာ ရှိသေးသော ကလေးငယ်ကို သူတို့နေထိုင်ရာ တောထဲသို့ခေါ်သွားပြီးနောက် သူတို့၏ သားသမီးကဲ့သို့ ထားလေသည်။ အင်္ဂလိပ်လူမျိုးစင်စစ်ဖြစ်သော်လည်း တွမ်(Tom Angles)သည် အင်္ဂလိပ်စကား မတတ်တော့ပါ။ အင်္ဂလိပ်ယဉ်ကျေးမှုကိုလည်း မသိနိုင်။ သူကြီးပြင်းသောနေရာ၊ ကျင်လည်သောဒေသမှာပဲ ရှောင်နီတို့ကဲ့သို့ အမဲလိုက်၊ တောထဲမှာနေ၊ ချောင်းထဲမှာရေချိုး၊ တဲငယ်ထဲမှာ အိပ်ခဲ့သဖြင့် ရှောင်နီလူမျိုးနှင့် တူလာပါ၏။ သို့သော် သူ၏အဖြူရောင်အသားနှင့် မျက်နှာပေါက်ကတော့ အင်္ဂလိပ်လူမျိုး ပုံသဏ္ဌာန်ပဲ ရှိပါသေးသည်။

သူ၏ မိဘအရင်းများက သား၏သတင်းကို လိုက်လံစုံစမ်း၍ ငွေဒေါ်လာတစ်ရာနှင့် ရွေးယူပါသည်။ သို့သော် တွမ်က မြို့မှာ မနေတတ်ပါ။ တဖန်ထွက်ပြေး၍ ရှောင်နီတို့နှင့်သာ ပြန်နေပါ၏။ နောက်ဆုံးတွင် သူ၏ဖခင်ကိုယ်တိုင်လိုက်လာကာ တွမ်ကို တွေ့ဆုံ၍ စကားပြောပါသည်။ အင်္ဂလိပ်ဘာသာကို တွမ်နားမလည်သော်လည်း သူ၏ရုပ်ရည်ပုံသဏ္ဌာန် အသားအရောင်နှင့်တူသောသူကို စိတ်ဝင်စားလေသည်။ ဘာဖြစ်လို့ ကျွန်တော်နဲ့ ခင်ဗျားနဲ့ တူရတာလဲဟု မေးလျှင် သူ့ဖခင်က ငါဟာ မင်းရဲ့အဖေပဲ၊ ငါနဲ့အတူတူ ပြန်လိုက်ခဲ့ပါ။ မင်းမိခင်ကလည်း စောင့်နေပါတယ်ဟု လက်ဟန်ခြေဟန်နှင့် ရှင်းပြရပါသည်။ တစ်ဦးနှင့်တစ်ဦး အချိန်ကြာမြင့်စွာ နားလည်မှုတည်ဆောက်ပြီးမှ တွမ်သည် သူ့ဖခင်ကို ယုံကြည်ကာ လိုက်သွားခဲ့ပါသတဲ့။

ယနေ့ ကျွန်တော်တို့၏ဖခင်နှင့် ဝေးသော အရပ်မှာ ရှိနေသလား။ မလှမ်းမကမ်းမှာ ရှိနေသလား။ တွမ်ကဲ့သို့ပင် ဖမ်းမိခံရ၍ ဒုစရိုက်အမှုမှာပဲ ပျော်မွေ့နေသလားဟု စဉ်းစားစရာရှိပါ၏။ နေ့စဉ်ပင်ထူးမခြားနားသော အလိုက်သင့် နေထိုင်ခြင်းမှာပဲ ကျေနပ်နေလျှင် ဖခင်အရင်း၏မေတ္တာအရိပ်မှာ ခိုလှုံနိုင်ရန် မရှိပါ။ ကျွန်တော်တို့အား ရွေးနှုတ်ကယ်တင်သော သခင်ယေရှု၏ မေတ္တာတော်ကိုဆင်ခြင်လျက် ဖမ်းမိရာမှလွတ်ခြင်းသို့ ရောက်ဖို့ရာ သတိရကြပါစို့။ စင်စစ် သင်နှင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကိုယ်တိုင် ဖန်ဆင်းသော သား၊ သမီးများဖြစ်၍ အမွေခံထိုက်သူများ ဖြစ်ကြပါ၏။

ဇူလိုင်လ (၂၃)ရက်၊ ၂၀၀၇ခုနှစ် (တနင်္လာနေ့)

စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတစ်ပါးကိုချစ်ခြင်း၊ ဝိညာဉ်သဘောရှိခြင်း၊ သစ္စာစောင့်ခြင်း စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေကို ပြလော့။ (တိမောသေဩဝါဒစာ၊ ၄း၁၂)

## "အမှတ်တမဲ့ ..."

ကယားပြည်နယ်မှ ဆရာတော်ကြီး အိုက်ဇက်အေးကို အားနာလှပါသည်။ ကျွန်တော့်သားငယ် ထူးအုပ်စိုးကိုမြင်လျှင် သဘောကျ၍၊ ကျွန်တော်ကလည်း သူ့သမီးကလေး ဂရေစ့်ကိုမြင်လျှင် သဘောကျပါသည်။ ကျမ်းစာသင်တန်းကာလတွင် ကျွန်တော်တို့ အလုပ်ရှုပ်နေဆဲ ကလေးနှစ်ယောက်သည်ခင်မင်၍ ဆရာကြီး၏ဆိုင်ကယ်ကိုငှါးစီးကာ လွိုင်ကော်မြို့က ရေတံခွန်ကိုသွားလည်ကြပါသည်။ ဆရာတော်က ထူးအုပ်စိုးကိုနောက်၍ သားမက်လေး၊ ကောင်းကောင်းစီးသွားနော်ဟု ပြောပါ၏။ သို့သော်လည်း ပြန်လာသောအခါ ပြဿနာဖြစ်လာပါ၏။ ဆိုင်ကယ်သော့က ချောင်နေ၍ ဘယ်နေရာမှာကျခဲ့မှန်းမသိ။ ပျောက်နေ၏။ ဆိုင်ကယ်သော့မရှိ၍ ဆီထည့်၍မရ။ ဆရာကြီးက သာသနာကိစ္စနှင့် အရေးတကြီး ခရီးသွားရမည်။ ဆီထည့်၍မရတော့ ဆီဘယ်လောက်ရှိမှန်းမသိ။ စီးရင်းလမ်းမှာ ဆီကုန်လျှင်သွားပြီ။ သော့ကလည်းပြင်မရ၊ ဆိုင်လည်းမရှိ။ ဥပုသ်နေ့က မနက်ဖြန်ဆိုတော့ ဖိတ်ထားသော နေရာများဆီ ဘယ်လိုလုပ်သွားရပါ့မလဲ။ နောက်ဆုံးတော့ ညကြီးမင်ကြီး ဒီမောဆိုးမြို့မှ မက္ကင်းနစ်ဆီသွားရပါသည်။ အားနာနာနှင့် အကူအညီတောင်းရပါသည်။

နောက်တစ်နေ့တွင် ဆရာကြီးက သားကို သူ့အိမ်ခေါ်သွား၍ ထမင်းကျွေးပါသည်။ သားမက်လေး စား ဘာညာနှင့် လောကွတ်ပြုလျှင် သူ့သမီးဂရေစ့်က နှုတ်ခမ်းစူလျက်၊ သားမက်လေး လုပ်နေတုန်းပဲလား။ သော့ပျောက်တာတောင် မမှတ်သေးဘူးထင်တယ်။ နောင်ဆို ဒါထက်ပိုဆိုးလိမ့်မယ်ထင်တယ် အဖေ၊ မဖြစ်ဘူးနော်ဟု သတိပေးလျှင် ဆရာတော်ကြီးလည်း သဘောပေါက်လျက် နမော်နမဲ့နိုင်သော သားငယ်ကိုပြန်ခိုးလေ၏။ ပုံပြင်ကလေးကတော့ ဒါပါပဲ။ သို့သော်လည်း သင်ရန် စာကလေးတစ်ခုတော့ ဆင်ခြင်မိပါသည်။ သတိမပြုမိဘဲ အမှတ်တမဲ့နေရင်းဖြင့် လူငယ်တစ်ယောက်၏တန်ဖိုးသည် ကျဆင်းသွားတတ်ပါ၏။ ပျောက်ဆုံးသွားတတ်ပါသည်။ တန်ဖိုးရှိသော ခရစ်ယာန်လူငယ်တစ်ယောက်၏ အသက်တာမှာ၊ ပေါ့ပေါ့ပါးပါး အမှတ်တမဲ့ ပြုမူနေထိုင်ခြင်းသည် တပါးအမျိုးသားများအတွက် အထင်သေးစရာဖြစ်လျှင် ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

တိမောသေအား တမန်တော်ရှင်ပေါလု သွန်သင်သော ဩဝါဒကို ယနေ့တွင် အောက်မေ့လျက်၊ ဆင်ခြင်ကြဖို့ပဲ။ "သင်၏အသက်အရွယ်နုပျိုသည်ကို အဘယ်မျှမထီမဲ့မြင် မပြုစေနှင့်၊ သင်၌အပ်ပေးသော ဆုကျေးဇူးကို မပြုစုဘဲမနေနှင့် . . . "ဟူသော ဩဝါဒကထာ ကျမ်းစာအတိုင်း လူငယ်များ လိုက်ရှောက်နိုင်ကြစေ။



ဇူလိုင်လ (၂၄) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)

ဆူအောင်ကျွေးသောနွားတစ်ကောင်လုံးကို အချင်းချင်း အငြိုးထားသော စိတ်နှင့်စားရသည်ထက် ချစ်ခြင်းမေတ္တာပါသော ဟင်းရွက်တစ်နပ်စားသည်သာ၍ ကောင်း၏။ (သုတ္တံကျမ်း၊ ၁၅း၁၇)

## "နာဂဟင်းချို ..."

ဆိုဘောသဲကျေးရွာတွင် ရောက်နေစဉ် သင်းအုပ်ဆရာ ကိုမေတ္တာက ကျွန်တော့်အား 'နာဂဟင်းချို' ချက်ကျွေးမည်ဟု ပြောပါသည်။ ပြီးလျှင် ရွာထဲလမ်းတွေပေါ် လျှောက်သွားရင်း အလေ့ကျပေါက်နေသော ဖက်ယားရွက်များကို ခူးပါသည်။ ခြံစည်းရိုးတွေပေါ်က အရွက်တွေ အညှောင့်တွေ တွေ့ပြန်လျှင်လည်း ခူးပါ၏။ သင်းထောက်ကြီးတစ်ဦး၏ အိမ်သို့ရောက်လျှင် ဝင်၍ ဆုတောင်းပြီးမှ. . . ပိန်းနုနည်းနည်းရပြန်သည်။ အခြားသောအသင်းသူတစ်ဦးက ကျွန်တော်တို့ကို နှုတ်ဆက်ကာ ငါးကင်နှစ်ကောင် လက်ဆောင်ပေးပါ၏။ ထို့နောက် ဆက်၍ လျှောက်သွားကာ ကျွန်တော်မသိသော အရွက်တွေခူးပြီး အိမ်ပြန်လာကာ မီးဖိုထဲဝင်သွားပါသည်။

မကြာမီ၌ ထမင်းကျွေးပါပြီ။ အဲဒါ. . . နာဂဟင်းချိုပဲဟု ပြောကာ မြည်းစမ်းစေပါသည်။ အလေ့ကျအရွက်များ၊ ဖက်ယားရွက်၊ ပိန်းဥ၊ ငါးကင်. . . အားလုံးရောထားသောဟင်းချိုကိုသောက်ကြည့်ရာ အလွန်ချိုမြိန်၍ စားကောင်းလှပါသည်။ ကောင်းတယ်ဗျာ. . . ဟု ချီးမွမ်းလျှင် သူက ဘယ်လောက်ကောင်းသလဲဟု မေးပြန်၏။ အကောင်းဆုံးပဲ၊ တစ်သက်လုံးစားခဲ့တဲ့ အထဲမှာ နံပါတ်တစ်ပဲဟုဖြေလျှင် သူက 'ဟဲ ဟဲ. . . အဲဒါတောင် ဟင်းရွက်နှစ်မျိုးကျန်သေးတယ်'ဟု ပြောပါ၏။ တကယ်လည်း အံ့ဩစရာပါပဲ။ တစ်ခါတုံးကဈေးကြီး၍ ကျွန်တော်နှစ်သက်ခဲ့ဖူးသော အီတလီဟင်းချိုထက်ပင်သာ၍ ကောင်းသော နာဂဟင်းချိုကို ကယားပြည်နယ်ရွာကလေးမှာ စားခဲ့ရပါသည်။ စင်စစ်. . . အလေ့ကျပေါက်သောအရွက်များနှင့် ပိန်းဥပိန်ပိန်၊ ငါးကင်ခြောက်ခြောက်သည် ဘာဖြစ်လို့များ ဒီလောက်ကောင်းပါလိမ့်။ ဆရာက. . . ကိုမေတ္တာချက်တာလေဗျာ။ မေတ္တာနဲ့ ချက်တာမို့ ကောင်းတာပေါ့ဗျ. . . ဟုဖြေပါ၏။

သုတ္တံဆရာက. . . တစ်အိမ်လုံးပြည့်သော ယဇ်ပူဇော်ပွဲကို ရန်တွေ့သောစိတ်နှင့် စားရသည်ထက် ငြိမ်သက်ခြင်းနှင့် ယှဉ်သောမုန့်တစ်လုပ်စားသည်သာ၍ ကောင်း၏. . . ဟု သွန်သင်ခဲ့ပါသည်။ ကျွန်တော်တို့ အသက်တာ၌ အစားအစာများ စာကိုစားခဲ့ရ၊ ရှာဖွေခဲ့ကြရပါ၏။ အချို့အစာများကား ပူလောင်၍ အချို့အစာများကား အေးမြပါသည်။ အဖိုးကြီးသော်လည်း ငြိမ်သက်ခြင်း မရှိသောအစားအစာများကို ကောင်းသည်ဟု မဆိုနိုင်သကဲ့သို့ မိတ်ဆွေအချင်းချင်းပြုစုသောအခါ မေတ္တာမပါလျှင်ဈေးနှုန်းသာကြီး၍ အဟာရမဖြစ်နိုင်ပါ။ ချစ်ခြင်းမေတ္တာနှင့် ပြုစုကျွေးမွေးသောအခါ ဟင်းသည်သာ၍ တန်းခိုးရှိ၍ ကြီးထွားခိုင်ခန့်ကျန်းမာစေသောအကြောင်း ဖြစ်သည်ကို နာဟင်းချိုအားဖြင့် ကြုံတွေ့ခဲ့ရကြောင်းပါ။

**ဇူလိုင်လ (၂၅) ရက်၊ ၂၀၀၇ ခုနှစ် (ဗုဒ္ဓဟူးနေ့)**

ဆုတောင်းသောအချက်ဟူမူကား. . .၊ ဝိညာဉ်တော်အားဖြင့် သင်တို့၏ အတွင်းလူကို ခွန်အားနှင့် မြဲမြံခိုင်ခန့်စေ၍ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးထဲ၌ ကျိန်းဝပ်မည်အကြောင်း. . . (ဧဖက်သြဝါဒစာ၊ ၃း၁၆)

## "ခွန်အားနှင့် မြဲမြံစေ ..."

**ခဲယဉ်းသောလောကခရီးလမ်းမှာ မောပန်းနွမ်းနယ်၍ စိတ်အားလျော့ခြင်းမရှိအောင် ဘုရားရှင်၏ နှုတ်ကပတ်တော်က. . . အားပေးသောဂတိတော်များစွာရှိ၍ ရှေးဘိုးဘေးများ၏ သက်သေခံမှုကိုလည်း ခိုင်မာစွာတွေ့ရပါသည်၊ ဘုရားရှင်သည် သူ၏ လူတို့အားပေးခဲ့သောအကြောင်းများကို ဖတ်ရ၍ ကိုယ်တိုင်လည်း သူတို့နည်းတူ ခွန်အားရဖို့ရန် ဖြစ်ပါသည်။**

**တရုတ်သိုင်းဇာတ်လမ်းများ၊ ဝတ္ထုများတွင်. . . သိုင်းသမားတို့၌ "အတွင်းအား"သည် အလွန်အရေးပါ၍ အတွင်းအားကောင်းသောသူတို့သည် အမြဲအနိုင်ရလေ့ရှိပါသည်။ အတွင်းအား ရဖို့ရန် များစွာလေ့ကျင့်ပါ၏။ တစ်ခါတရံ မမျှော်လင့်သောအရပ်မှ သစ်သီးများ သို့မဟုတ် အခြားသူထံကလည်း ရပါသည်၊ ခရစ်ယာန်တို့ အသက်တာမှာလည်း အတွင်းအား၊ တစ်နည်းအားဖြင့် ဝိညာဏခွန်အား ခိုင်မာဖို့လိုအပ်ပါသည်၊ ထိုခွန်အား မရှိလျှင် တန်ရုံပြဿာဖြင့် စိတ်ပျက်ကာ ဆုံးရှုံးသွားပါလိမ့်မည်၊ ဣသရေလလူမျိုးများပင် လယ်နီကို ဖြတ်သန်းနိုင်လျှင်. . . "ထာဝရဘုရားသည် ငါ၏အစွမ်းသတ္တိ၊ ငါသီချင်းဆိုကြောင်း"ဟု ကြွေးကြော်ခဲ့ပါသည်။ တရားဟောရာကျမ်း၊ ၃၃း၂၅တွင်. . . သင်၏နေ့ရက်ကာလဖြစ်သည်အတိုင်း၊ သင့်အစွမ်းသတ္တိဖြစ်လိမ့်မည်. . . ဟု ကျမ်းစာလာပါ၏။ ပရောဖက်နေဟမိကမူ. . "ဝမ်းမနည်းကြနှင့်၊ ထာဝရဘုရားပေးတော်မူသောအခွင့်နှင့် အားယူ၍ ဝမ်းမြောက်ကြလော့. . . "ဟု တိုက်တွန်းခဲ့ပြန်ပါသည်၊ နာမည်ကျော်ဆာလံဆရာကြီးကမူ ထာဝရဘုရာကို အားကိုး၍ ဝိညာဉ်ခွန်အားကြီးမားစွာဖြင့် လောကကို စိန်ခေါ်သောသူဖြစ်ပါ၏။ သူက. . .**

**ထာဝရဘုရာသည် ငါ၏အလင်း ငါ့ကို ကယ်တင်သောအရှင်ဖြစ်တော်မူ၏။ ငါသည် အဘယ်သူကို ကြောက်ရအံ့နည်း။ (ဆာ၊ ၂၇း၁) ပရောဖက်ဟေရှာယကမူ. . . ထာဝရဘုရားကို မျှော်လင့်သောသူတို့မူကား အားပြည့်ကြလိမ့်မည်၊ ရွှေလင်းတကဲ့သို့ မိမိတို့အတောင်ကို အသစ်ပြုပြင်ကြလိမ့်မည်၊ ပြေးသော်လည်း မပင်ပန်း၊ ခရီးသွားသောအခါ မမောရကြ. . . ဟု သက်သေခံခဲ့ပါ၏။ ခွန်အား. . . များသည် ဘုရားသခင်ထံမှလာပါ၏။ ဘုရားသခင်သည် ခွန်အား ပေးနိုင်သောအရှင် ဖြစ်ပါသည်၊ ထို့ကြောင့် ကိုယ်တော် ယနေ့ညမှ ကျွန်တော် ကျွန်မတို့အား ခွန်အားပေးပါ။ လောကကို စိန်ခေါ်လျက် အောင်မြင်နိုင်သူများဖြစ်ဖို့. . . ကိုယ်ကာယခွန်အား၊ စိတ်နှလုံးခွန်အား၊ ဝိဉာဏခွန်အားကို ပေးပါဘုရား. . ဟု တောင်းလျှောက်ဖို့ အကြံပြုလိုပါ၏။**



**ဇူလိုင်လ (၂၆) ရက်၊ ၂၀၀၇ ခုနှစ် (ကြာသပတေးနေ့)**

ထိုနည်းဥပဒေတရားတို့သည် သင်၏ခေါင်း၌ တင့်တယ်သော ဦးရစ်၊ သင်၏ လည်ပင်း၌ ပတ်ရစ်သောလည်ဆွဲ ဖြစ်လိမ့်မည်။ (သုတ္တံကျမ်း၊ ၁း၉)

## "တင့်တယ်သောဦးရစ် ..."

**လွန်ခဲ့သောလက. . . မက္ကဆီကိုနိုင်ငံတွင် ယခုနှစ်အတွက် ကမ္ဘာ့အလှဆုံးမိန်းကလေး (မယ်စကြာဝဠာ) ဘွဲ့အတွက် ယှဉ်ပြိုင်ပွဲ၊ ရွေးချယ်ပွဲပြုလုပ်ခဲ့ပါသည်။ ကမ္ဘာအရပ်ရပ်မှ လှပသောအပျိုမ များစွာအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး နောက်ဆုံးတွင်. . . အသက် (၂၀)နှစ်အရွယ်၊ ဂျပန်မိန်းကလေး "မိုရိ"က ပထမဆုကိုရ၍ ယခုနှစ်အတွက် မယ်စကြာဝဠာဘွဲ့ကိုဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာငွေသိန်းသုံးထောင်ခန့် တန်ကြေးရှိသော စိန်နှင့် ပုလဲသရဖူကို ဆင်မြန်းခွင့်ရပြီးနောက်တွင် တကမ္ဘာလုံးက "မိုရိ"အကြောင်းကို သတင်းစာမျက်နှာများတွင် အလုအယက် ဖော်ပြကြလေ၏။**

**ဂျပန်ပြည်၊ ဖူဂျီယာမတောင်ခြေက ရှာငယ်ဇနပုဒ်မှာ မွေးဖွားခဲ့သောတောသူကလေး မိုရိကို ဘယ်လိုကြောင့်များ မယ်စကြာဝဠာဖြစ်လာရတာလဲဟုမေးလျှင်၊ ကျွန်မအဖွားရဲ့ဆန္ဒကို ဖြည့်ဆည်းချင်လို့ပါ။ ကျွန်မ ငယ်ငယ်ကတည်းက အဖွားနဲ့နေရပါတယ်၊ အဖွားက ကျွန်မကို သိပ်ချစ်ပြီး. . . သိပ်မျှော်လင့်ချက်ထားပါတယ်၊ အဖွားက. . . ငါ့မြေး၊ အပျိုဖြစ်လာတဲ့အခါ မယ်ဂျပန်ဖြစ်စေချင်လိုက်တာလို့ တဖွဖွပြောခဲ့တာကို ကြားရပါတယ်။ အဖွားကို ကျွန်မချစ်ပြီး သူ့ဆန္ဒကို ပြည့်အောင်ဖြည့်ပေးချင်လို့ ကြိုးစားသင်ယူ၊ လေ့ကျင့်ခဲ့ရပါတယ်. . . ဟုဖြေပါသည်၊ စင်စစ်. . . ကချေသည်တစ်ဦးဖြစ်သူ မိုရိသည် မယ်ဂျပန်ဖြစ်ရန် မလွယ်ပါ။ သို့သော် အဖွား၏ဆန္ဒကို ဖြည့်ဆည်းဖို့ ကြိုးစားရင်း အရှိန်လွန်ကာ. . . နောက်ဆုံး မယ်စကြာဝဠာတောင် ဖြစ်သွားခဲ့ရပါသတဲ့။**

**မိဘဘိုးဘွားများဖြစ်စေချင်သောအရာကို နားတွင်ခဲ့၍ မိမိဆန္ဒမဟုတ်ပဲနှင့် ကြိုးစားလုပ်ကိုင်သောသူ အနည်းငယ်မျှသာရှိပါလိမ့်မည်၊ အဖေတို့ခေတ် မဟုတ်ဘူး၊ ကျွန်တော် ကျွန်မတို့ ကိုယ်ဝါသနာပါတာ လုပ်ပါရစေ။ အေးအေးနေစမ်းပါ. . . အမေရာ စသည့်ဖြင့် တိုးတက်သောလူငယ်များအကြားမှာ အဖွားစကားကို နားထောင်၍ ရိုးသားစွာ နေထိုင်လျက် အဖွားအတွက် အလုပ်လုပ်ခဲ့သော "မိုရိ"က ယနေ့ကမ္ဘာပေါ်မှာ အလှဆုံးအပျိုမ တစ်ယောက်အဖြစ် သိမှတ်ပြုခြင်း ခံရ၏။ မည်သူမျှ မငြင်းနိုင်ပါ။ သုတ္တံဆရာက. . . ငါ့သား၊ အဘ၏ ဥပဒေသကို နားထောင်လော့။ အမိ၏တရားကိုလည်း မပယ်နှင့်. . . ဟု သွန်သင်ခဲ့ပါသည်၊ အဘ၏ ဥပဒေသနှင့် အမိ၏တရားကို နားစွဲစိတ်ဝင်သူတို့သည် မည်သည့် အခြေအနေ၌မဆို. . . ဘုရားရှင် ချီးမြှောက်၍ ထိပ်တန်းသို့ရောက်ခွင့်ကို ရနိုင်ကြောင်း ဆင်ခြင်ကြဖို့ပါပဲ။**

**ဇူလိုင်လ(၂၇) ရက်၊ ၂၀၀၇ ခုနှစ် (သောကြာနေ့)**

သေမင်း၏အရိပ်လွှမ်းမိုးသော ချိုင့်ထဲသို့လျှောက်သွားရသော်လည်း ဘေးအန္တရယ်ကို မကြောက်ပါ။ အကြောင်းမူကား ကိုယ်တော်သည် ကျွန်ုပ်နှင့်အတူ ရှိတော်မူ၏။ (ဆာလံကျမ်း၊ ၂၃း၄)

## "ကျဆုံးမှုကို...မုန်း ..."

**ကယ်လီလမ်သည် အသက် (၈)နှစ်မှာ ဦးနှောက်အမြှေးယောင်၍ ခြေထောက်နှစ်ဖက်နှင့် လက်တစ်ဖက်ဆုံးရှုံးသွားရပါသည်။ ဆရာဝန်များက အသက်ရှင်ရန် ရာခိုင်နှုန်းနည်းနည်းပဲရှိတယ်ဟု မှတ်ချက်ချခဲ့သော်လည်း လွန်ခဲ့သည့်လက. . . လော့အန်ဂျလီဆေးကျောင်းမှ ဆေးပညာဘွဲ့ရရှိခဲ့ပါသတဲ့။ သူမသည် ခြေထောက်မရှိ၊ လက်တစ်ဖက်တည်းရှိ၍ ဒုက္ခိတဟု ပြောရမည်ဖြစ်သော်လည်း တကယ်ပဲ ဒေါက်တာစစ်စစ် ဖြစ်ပါသည်။ ခြေတုနှစ်ချောင်းနှင့် ဆရာဝန်သည် လက်တစ်ဖက်တည်းနှင့် ဆေးထိုးခြင်း၊ သွေးထုတ်ယူခြင်း. . . စသည်တို့ကို ကျွမ်းကျင်စွာပြုလုပ်နိုင်ပါ၏။ တကယ်တော့ သူ့ကို ပြုစုယုယသွန်သင် ခွန်အားပေး တိုက်တွန်းကာ ဆရာဝန်ဖြစ်လာဖို့ ကြိုးစားကျောင်းထားပေးတဲ့ မိခင်ကလည်း "မျက်မမြင်" တစ်ယောက်ဖြစ်ပါသတဲ့။ အတော်စိတ်ကြီးသော သားအမိပါပဲ။ ဒေါက်တာလမ်၏ မိတ်ဆွေများက လူနာများအား. . .**

**"သူ့မှာ ထူးခြားတဲ့အရည်အချင်းတွေရှိပါတယ်။ ဒါကြောင့် ဆေးကုသတဲ့နေရာမှာ စိုးရိမ်စရာ မလိုဘူး။ သူ့ကိုစတွေ့တွေ့မှာ ဒီဒေါက်တာဟာ လက်တစ်ဖက်ပဲရှိတယ်ဆိုတာ သတိပြုမိပေမယ့်၊ နောက် ငါးမိနစ်လောက်အကြာမှာတော့ သူ့ရဲ့ ကျွမ်းကျင်တဲ့၊ ဆေးကုသမှုကို မျက်ဝါးထင်ထင်မြင် တွေ့ရမှာဖြစ်ပါတယ်. . . "ဟု ပြောပြ၍ အာမခံလေ၏။ ဒေါက်တာလမ်. . . ဘယ်လိုလုပ်ပြီး ဆရာဝန်ဖြစ်လာသလဲဟု မေးသောအခါ သူမက. . .**

**"ကျွန်မမှာ အရိုးစွဲနေတဲ့အရာတစ်ခု ရှိတယ်။ မေမေ့ဆီက အမွေပေါ့နော်။ အဲဒါက. . ကျရှုံးမှုကို အရမ်းမုန်းပါတယ်. . . " ဟုဖြေလေ၏။ ကျရှုံးမှုကို မုန်းတယ်. . . ဟူသော စကားသည် အလွန်ပြတ်သားပါ၏။ ကျရှုံးတာကို မနှစ်သက်ဘူး၊ မလိုချင်ဘူး၊ မကြုံချင်ဘူး. . . မဟုတ်ပါ။ ကျရှုံးမှုကို မုန်းပါသတဲ့။ ထိုစိတ်ရှိမှတော့. . . အောင်မြင်တာကိုသာ ချစ်ခင်နှစ်သက်စွဲလန်းမှာ သေချာပါ၏။ ကျွန်တော်တို့ကော. . . ကျရှုံးမှုကို မုန်းပါသလား။ ကျဆုံးမှုသည် ကျွန်တော်တို့ ဘဝထဲသို့ တိုးတိုးဝင်လာတတ်ပါသည်။ ပျက်ပျက်စီးစီးဖြစ်အောင် လုပ်ပါသည်။ သူ့ကို လက်ခံလျှင်. . . ကျွန်တော်တို့၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ်များကို အဆုံးတိုင် ဖျက်ဆီးပစ်လိမ့်မည်။**

**ဆာလံဆရာက. . . အကျွန်ုပ်သည် စိတ်ပျက်လျက်ရှိသောအခါ သွားသောလမ်းကို ကိုယ်တော်သိတော်မူ၏. . . ဟု သက်သေခံခဲ့ပါသည်။ စိတ်ပျက်စရာအများကို ကျွန်တော်တို့ ကြုံတွေ့ရပါသည်။ သို့သော် ကိုယ်တော်သိပါ၏။ စာတန်သည် အဆုံးတိုင်အောင် ဖျက်ဆီးခြင်းကို မတတ်နိုင်ပါ။ ကိုယ်တော်သည် မျက်စိကန်းသောသူကိုပင်လျှင် ဂရုပြု၍. . မိမိ မသိသောလမ်းဖြင့် ပို့ဆောင်မည်ဟု ဂတိတော်ရှိပါ၏။ (ဟေရှာယ၊ ၄၂း၁၆)**



**ဇူလိုင်လ (၂၈) ရက်၊ ၂၀၀၇ ခုနှစ် (စနေနေ့)**

ရှည်သောအသက်နှင့် သူ့ကိုရောင့်ရဲစေ၍၊ ငါ၏ကယ်တင်ခြင်း ကျေးဇူးကို သူ့အားပြမည်။ (ဆာလံကျမ်း၊ ၉၁း၁၆)

## "ကျေးဇူးကို ..."

ပုသိမ်မြို့တောင်ပေါ်အသင်းတော်သို့ ရောက်ခဲ့လျှင် အသက်အရွယ်အကြီးရင့်သော အဖွား ဒေါ်ဖွားမူနှင့် တွေ့ဆုံခဲ့ရပါသည်။ အသက်ကိုးဆယ်ကျော်တစ်ရာနီးနီးရှိပြီ ထင်ပါသည်။ ထားဝယ်ဇာတိ အဖွားသည် ဂျပန်ခေတ်တွင် ပုသိမ်သို့ စစ်ပြေးရင်း ရောက်လာကာ အခြေကျသွားပြီးနောက် ဇာတိသို့ မပြန်နိုင်တော့ပါ။ သားသမီး၊ မြေး၊ မြစ်သာမက တီအထိပင် ရှိလေပြီ။ သူ့မြေး ကိုအေးချို၊ နော်ရှီးလာတို့နှင့်အတူ နေထိုင်ရင်း ယခုထက်တိုင် သားဖွားပေးခြင်း (ဝမ်းဆွဲလက်သည်) အလုပ်ကို လုပ်နေသေးသည်။ လမ်းမလျှောက်နိုင်၍ ထမ်းစင်နှင့်လာထမ်းခေါ်ရပါသည်။ သားဖွားခြင်းအလုပ်ကို ငယ်သောအရွယ်မှစ၍ တစိုက်မတ်မတ်လုပ်ဆောင်လာရာ အလွန်ကျွမ်းကျင်သဖြင့် သူမွေးပေးခဲ့သောကလေးများ ရာထောင်မျှပင်ရှိပြီဟု သိရပါ၏။ ယခု. . . အသက် (၁၀၀) ရှိသည့်တိုင်. . . စိတ်မပျက် အားမငယ်၊ ဘုရားကျောင်းကို တက်နိုင်သည်။ ဝမ်းဆွဲသည် လုပ်နိုင်သည်။ စကားပြောနိုင်။ ကွမ်းစားနိုင်သည်။ ရိုးရာဖက်ကြမ်းကြီးကို ဖွာ၍ အံမယ်. . . တစ်ခါတလေ ခေါင်ရည်များတောင် သောက်သေး၏။ ရှည်သောအသက်နှင့် ရောင့်ရဲသောဘဝတစ်ခုကို ပိုင်ပိုင်နိုင်နိုင်ရသဖြင့် များစွာအားကျမိပါ၏။

"အဖွား နေရတာကြာတော့ မပျင်းဘူးလား"ဟု မေးလျှင် သူမက ဆံပင်ဖြူဖြူနှင့် ခေါင်းကို ခါယမ်းကာ၊ ဘုရားထားသလောက်နေရဦးမှာ ဘာမှပျင်းစရာမရှိပါဘူး။ ဇာတိရွာကိုတောင် အလည်ပြန်ချင်သေးတာ. . . ဟု ဖြေပါ၏။ ဝေးလိုက်တဲ့နေရာ၊ ရောက်ပါတော့မလား။ ဒီအသက်အရွယ်နဲ့ တတ်နိုင်ပါ့မလားဟု ကျွန်တော်မေးလျှင်. . . "အင်း. . . ဝေးတော့ ဝေးတယ်၊ အဖွားတို့ လာတုံးကလှေနဲ့ လာရတာ၊ ဘုရားပို့တော့ ရောက်တာပဲ။ အခု. . . ကားတွေရှိတယ်ဆိုတော့၊ ပိုပြီးရောက်နိုင်မှာပဲ။ ဘုရားပို့ရင်တော့ ရောက်မှာပေါ့. . . " ဟုဖြေပါ၏။ သူ့မြေးကိုအေးချိုတို့က မအားမလပ်သဖြင့် မပို့နိုင်ပါ။ သူမ သိပါ၏။ ဇာတိမြေပြန်ကာ၊ ဆွေမျိုးလက်ကျန်များကို နှုတ်ဆက်ချင်သော်လည်း ဘုရားရှင်ပို့ပေးမှ ရောက်နိုင်မည်ကို မျှော်လင့်နေဆဲရှိပါ၏။

အသက်တစ်ရာရှိသူနှင့် ခဏကလေး စကားပြောခဲ့ရပါသည်။ ဘုရားသခင်. . . သည်သာ အရေးအပါဆုံးဘဝ၏ ပဲ့ကိုင်ရှင်၊ မောင်းနှင်သူဖြစ်ကြောင်းကို သက်သေခံရုံမက ယခုအချိန်ထိ ကိုယ်တော်ကို အားကိုးခိုလှုံလျက်ရှိကြောင်းကို တွေ့နေရပါသည်။ ဘဝပျော်နည်းကို သေသေချာချာသိသော အဖွား ဒေါ်ဖွားမူကို အားကျလျက် ရှည်သောအသက်တာနှင့် ရောင့်ရဲသော ဘဝကို ကိုယ်တိုင်လည်း လိုချင်မိပါ၏။ ထိုအခါ အဖွားကိုစားသော ဘုရားသခင်ကိုလည်း သူမနည်းတူကိုးစားဖို့ရန်လိုအပ်ကြောင်း အောက်မေ့မိပါ၏။

**ဇူလိုင်လ (၂၉) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္ဂနွေနေ့)**

သင်သည် ပညာရှိလျှင်. . . ကိုယ်တိုင်အကျိုးကို ခံရလိမ့်မည်။ မထီမဲ့မြင်ပြုလျှင်. . . ကိုယ်တိုင်သာ အပြစ်ကိုခံရလိမ့်မည်။ (သုတ္တံကျမ်း၊ ၉း၁၀)

## "အမှီပြု၍ ..."

ကျွန်တော်နှင့် အလွန်ခင်မင်သော ဆရာ ဦးစောမင်းလွင်က သူ၏ဓမ္မပညာမဟာသင်တန်း တက်ဖို့ ဝင်ခွင့်စာမေးပွဲဖြေရသည့်အကြောင်း ပြောပြပါသည်။ ဝင်ခွင့်မေးခွန်းတွင်. . ကာဏ္ဍန၏ မိခင်နာမည်ကိုမေးရာ သူ့ခမျာ ဦးနှောက်ချာချာလည်၍ နေပါသတဲ့။ နောဧ၏ ရေကြီးခြင်းရက်မည်မျှဟု မေးပြန်လျှင် ရုတ်တရက် သတိမရ၍ အဖြေမပေးနိုင်ခဲ့ပါ။ သူ့အသင်းတော်သို့ ပြန်ရောက်၍. . . ထိုမေးခွန်းကိုမေးလျှင်၊ ဥပုသ်စာဖြေကလေးများက သိပါသတဲ့။ အံ့သြလိုက်တာ၊ ကာဏ္ဍနအမေဟာ ဧဝဟု ကလေးတွေက သံပြိုင်ဖြေပါ၏။ နောဧခေတ် ရေကြီးတာကလည်း ရက်ပေါင်း (၁၅၀)ဆိုပဲ။ စင်စစ်. . . ဆရာသည် ခေသူမဟုတ်ပါ။ နိုင်ငံတကာ အတွေ့အကြုံရှိ၍ တရားဟောကောင်းသူ၊ ကျမ်းစာကို တတ်သိသူဖြစ်သော်လည်း တစ်ခါတလေတော့လည်း ဦးနှောက်မဆန့်၍ မေ့နေတာများရှိကြောင်း ဝန်ခံပါ၏။ မကြာခင်. . . နိုင်ငံရပ်ခြားသို့သွား၍ သာသနာပြုတော့မည်ဖြစ်သော်လည်း တစ်ခါတလေတော့ လွဲချော်တတ်ကြောင်း သူပြောပြလျှင် တကယ်ပဲ ခွန်အားရပါ၏။ သူ့နည်းတူ. . . ဓမ္မပညာမဟာသင်တန်း (M.Div) တက်ရန် ကြိုးစားနေသော ဆရာကြီး ဦးဖေသန်း ခမျာလည်း စာကိုများများဖတ်၍ ကျက်မှတ်သော်လည်း ဝင်ခွင့်စာမေးပွဲမှာ ပရောဖက်ဟေရှာယ၏ သားနာမည်ကို မေးခဲ့ဖူးပါသတဲ့။ စိတ်နာနာနှင့် သူ့အခန်းမှာ. .

"ကျောင်းမှန်မှန်တက်၊ စာမခက်၊ ကျောင်းသားဦးနှောက်ပျက်"

ဟု ရေးထားပါသည်။ တကယ်တွေးကြည့်တော့လည်း ကျွန်တော်တို့သည် ဘဝတက္ကသိုလ်မှာထာဝရ ကျောင်းသားများပါပဲ။ နေ့စဉ်နှင့်အမျှ သင်ယူစရာတွေကုန်ပဲ မကုန်နိုင်ပါ။ ပညာခေတ်ဖြစ်၍ သာ၍ ကြိုးစားကြရပါ၏။ ကြိုးစားလေလေ၊ ပင်ပန်းလေလေဖြစ်ပါ၏။ အောင်စ (၅၀) မပြည့်သော ဦးနှောက်ထဲမှာ ထည့်သိုရတာများလျှင်. . . တကယ်ပဲ ခံယဉ်း၍ မဆံ့နိုင်တော့ ပါ။ ဆရာကြီး ဦးဖေသန်း ပြောသလိုပဲ ဦးနှောက် ပျက်ချင်လာပါ၏။ ထိုသို့မပျက်ပဲနှင့် လောက၏ သင်ယူစရာ မှန်သမျှကို ရနိုင်ဖို့ နည်းလမ်းတစ်ခုရှိပါ၏။ သုတ္တံကျမ်းတွင်. . .

ထာဝရဘုရားကို ကြောက်ရွံ့သော သဘောသည် ပညာ၏မူလအမြစ်ဖြစ်၏။ သန့်ရှင်းတော်မူသော သဘောသည်ဉာဏ်ဖြစ်၏။ အကြောင်းမူကား၊ ငါ့ကို အမှီပြု၍ သင်၏ နေ့ရက်ကာလနှင့် အသက်အပိုင်းအခြားနှစ်ပေါင်းကာလ တိုးပွားလိမ့်မည်. . . ဟု ဖော်ပြထားပါသည်။ ပညာ၊ ဉာဏ်နှင့် ပြည့်စုံ၍ လောကမှာ အောင်မြင်ပျော်ရွှင်၊ ပြည့်စုံနိုင်ဖို့ ရန်အတွက်. . . ထာဝရဘုရားကို အမှီ (လုံး၀) ပြုထားရမည်ကိုး သတိပြုကြပါစို့။



**ဇူလိုင်လ (၃၀) ရက်၊ ၂၀၀၇ ခုနှစ် (တနင်္လာနေ့)**

လူတစ်ယောက်တည်းထက် နှစ်ယောက်သာ၍ ကောင်း၏။ ကြိုးစားအားထုတ်လျှင် ကောင်းသောအကျိုးကို ရတတ်၏။ (ဒေသနာကျမ်း၊ ၄း၉-၁၁)

## "ကောင်းသောအကျိုး ..."

ဖတ်ဖူးသောဝတ္ထုကလေးတစ်ပုဒ်ကို ယနေ့ညမှာ ပြောပါရစေ။ တစ်ခါက လူတစ်ယောက်သည် ကွယ်လွန်ပြီး ကောင်းကင်တံခါးသို့ ရောက်လျှင် သူတော်စင်ပေတရုနှင့် တွေ့ပါ၏။ သူတော်စင်က. . . "ဘယ်သွားချင်သလဲ။ ကောင်းကင်ဘုံလား၊ ငရဲလား"ဟု မေးတော့ ထိုပုဂ္ဂိုလ်က "မဆုံးဖြတ်မီ နှစ်ခုစလုံး ကြည့်ချင်ပါသည်" ဟုဖြေပါသတဲ့။ သူတော်စင် ပေတရုက. . . ငရဲသို့ ပထမဦးဆုံး ခေါ်သွားသောအခါ. . . ခန်းမကြီးတစ်ခုအတွင်း၌ အစားအစာများ တင်ထားသော စားပွဲအရှည်ကြီးတစ်ခုကို တွေ့ရပါသည်။ တေးဂီတသံကိုလည်း ကြားရပါသည်။ ဖျော့တော့သောမျက်နှာ၊ ဝမ်းနည်းသည့်အသွင်ဆောင်ထားသည့် မျက်နှာထားရှိသည့် တန်းစီနေသောလူများကိုလည်း တွေ့ရပါသည်။ သူတို့ကို ကြည့်ရသည်မှာ. . . ဆာလောင်နေပြီး မရယ်နိုင်ပါ။ သူတို့၏လက်တွေမှာ လေးပေခန့်ရှည်သော ခက်ရင်း၊ ဓါးများ ချည်နှောင်ထားပြီး ထိုခက်ရင်း၊ ဓားများဖြင့် စားပွဲအလယ်၌ရှိသော အစာကိုယူပြီး ပါးစပ်ထဲထည့်ရန် ကြိုးစားနေပါ၏။ ယူလို့လည်းမရ၊ စားလို့မရတာကြောင့် ငတ်မွတ်နေပါသတဲ့။

ထို့နောက်. . . သူသည် ကောင်းကင်ဘုံသို့ သွားကြည့်ပါသည်။ ကောင်းကင်ဘုံတွင်လည်း အစားအစာများ တင်ထားသော စားပွဲရှည်ကြီးရှိ၍ တေးဂီတသံကိုလည်း ကြားရပါ၏။ လက်များတွင်လည်း လေးပေရှည်သောခက်ရင်းနှင့် ဓားများကို ချည်နှောင်ထားပါသည်။ သို့သော် ထူခြားသောအချက်မှာ ထိုသူများသည် ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင်နှင့် ဝဝလင်လင် စားသောက်ထားရပုံရှိပါသည်။ သူတို့သည် တစ်ဦးနှင့်တစ်ဦး လှမ်းကျွေးနေကြပါသည်။ ထို့အတွက် ပျော်ရွှင်ဝမ်းမြောက်လျက် လူတိုင်းစားသောက်နိုင်ပါ၏။ စင်စစ် ထိုသူများသည် ကိုယ့်အတွက်ကိုသာမဟုတ်။ သူတစ်ပါးအတွက်ကို စဉ်းစားပေးကြသူများ ဖြစ်ပါ၏။ ထိုအခါ နှစ်ဦးနှစ်ဝ အနိုင်ရကြပါသည်။ မည်သူမျှ မရှုံးပါ။ အဲဒါ ကောင်းကင်ဘုံပဲဟု. . . သူတော်စင်ပေတရုက ပြောလျှင် လူသစ်သည် ထိုအခန်း၌နေပါရစေ. . . ဟုဆုံးဖြတ်ချက်ပေးလေ၏။

လူ့လောကမှာလည်း ထိုအတိုင်းပါပဲ။ ကျွန်တော်တို့သည် တစ်ဦးကို တစ်ဦးဖေးမခြင်းဖြင့် အခက်အခဲများကို ကျော်လွှန်နိုင်ပါသည်။ မိမိအမှုအရာကိုသာ အားပြုလျှင် မည်သို့မျှ မအောင်နိုင်ပါ။ ကိုယ်အမှုအရာကိုသာမရှုမမှတ်ပဲ၊ သူ့အမှုအရာကို အချင်းချင်းရှု့မှတ်ကြလော့. . . ဟု တမန်တော်ကြီးရှင်ပေါလု သြဝါဒစာရေးခဲ့ပါသည်။ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်းရှိစေဖို့ရန် ဖိလိပ္ပိအသင်းတော်သို့ စာရေးခဲ့ပါ၏။ အိမ်ထောင်မိသားစုများသည် မိမိအမှုကို သာမက အိမ်သူအိမ်သားအားလုံး၏ အကျိုးကို မျှော်လင့်၍ ဆောင်ရွက်ရန် ဖြစ်ပါ၏။

**ဇူလိုင်လ (၃၁) ရက်၊ ၂၀၀၇ ခုနှစ် (အင်္ဂါနေ့)**

အခြားသောအမှုအရာထက်သာမက အချင်းချင်း အားကြီးသောချစ်ခြင်းမေတ္တာ ရှိကြလော့။ ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏။ (ရှင်ပေတရုဩဝါဒစာ ပထမစောင်၊ ၄း၈)

## "တန်ခိုးကြီးသောမေတ္တာဖြင့် ..."

ဦးပြုံး၏ ဇနီးသည် ဒေါ်စန်းမြင့်ဖိုးသည် ငယ်စဉ်က ချောမောခဲ့ပါ၏။ သဘောလည်းကောင်းကာ အသက် (၁၆)နှစ်သာသာမှပင် အိမ်ထောင်ကျခဲ့ပါ၏။ ခင်ပွန်းက စစ်သားမို့ ဇနီးသည်ခမျာ ပင်ပန်းခဲ့ပါ၏။ ဦးပြုံး ရှေ့တန်းသို့ သွားနေစဉ် ဒေါ်စန်းက ကလေးတစ်အုပ်တစ်မနှင့် စီးပွားရေးအမျိုးမျိုး လုပ်ခဲ့ရပါသည်။ မောသော်လည်း ဒေါ်စန်း မငြီးငြူခဲ့ပါ။ မိသားစုကိုချစ်၍ အသက်တာတစ်လျှောက်လုံး ရုန်းကန်လှုပ်ရှားခဲ့သဖြင့်. . . ကျွန်တော်က ဒေါ်စန်း. . . ခင်ဗျား ခင်ပွန်းက. . . ခင်ဗျားကို အရမ်းချစ်မှာပဲနော်၊ ဘယ်လိုခေါ်သလဲဟု စပ်စုမိလျှင် သူမကရယ်၍. . . အရူးမကြီးလို့ခေါ်တယ်ဆရာရဲ့။ သူ့ကလေးတွေကို ခဏခဏပြောတယ်။ မင်းတို့အမေက အရူးမကြီးပါပဲကွာ. . . တဲ့။

ထိုစကားကို ဒေါ်စန်းသည် ရယ်ရယ်မောမောနှင့် ပြောပြပါသည်။ တကယ်တော့. . အရူးမကြီးဟု ပြောခံရလျှင် စိတ်မပျော်နိုင်ပါ။ အထူးသဖြင့် ခင်ပွန်းသည်က ဒီလိုခေါ်လျှင် စိတ်ကောက်မည့် အိမ်ရှင်မတွေ အများကြီးရှိမှာပါ။ သို့သော်. . သူမကတော့ ခင်ပွန်းသည်က အရူးမကြီးဟု ခေါ်တာကိုပဲ ဝမ်းသာလျက်နေပါသေးသည်။ စင်စစ် ဦးပြုံးကလည်း မေတ္တာနှင့် ခေါ်သောကြောင့်. . . ခါးသောအရာသည်ပင် ချိုသောအသံဖြစ်စေပါ၏။ ဇနီးသည်ကလည်း မိမိခင်ပွန်း၊ သားသမီး၊ မိသားစုများအတွက် အရူးအမူး ချစ်ခင်မြတ်နိုး၍ စိတ်စေတနာကြီးမားစွာ ပြုစုတည်ဆောက်နေသော ဗိသုကာများ ဖြစ်ကြပါ၏။ ထိုသို့ ရူးမူးစွာ မချစ်ပဲနှင့်. . . သာယာပျော်ရွှင်သောအိမ်ထောင် ဖြစ်လာမည် မဟုတ်ပါ။ အိမ်ရှင်မများ၏ စိတ်နှလုံးသည် ထိုသို့သောမေတ္တာများဖြင့် ပြည့်စုံလုံလောက် နေပါသည်။

ကျမ်းစာ၌. . . ကောင်းသောအိမ်ရှင်မတို့သည် မိမိခင်ပွန်း၏ အကျိုးကိုမဖျက်၊ တစ်သက်လုံး ပြုစုရမည်။ ခင်ပွန်း၏ အုပ်စိုးခြင်းကိုခံရမည်။ အိမ်ကိုတည်ဆောက်ရမည်။ အိမ်သူအိမ်သားကို ကြည့်ရှုရမည်စသည်ဖြင့် ဝတ္တရားများစွာကို ဖော်ပြ၍ လိုက်နာလုပ်ဆောင်ရန် သွန်သင်ပါ၏။ အလွန်ခက်ခဲ၍ ကြီးသောဝန်ဖြစ်သော်လည်း တကယ်တန်းလိုက်လျှောက်နိုင်သော ဒေါ်စန်းမြင့်ကဲ့သို့ အိမ်ရှင်မ အများရှိသည့်အကြောင်းမှာ ဘာကြောင့်ပါလိမ့်။ ခွန်အားနည်းသည် ဟု ပြောကြသော်လည်း. . . မေတ္တာဖြင့် ပတ်စည်းခံရလျှင် ပင်ပန်းသည်ဟုမထင်။ နာကျင်စရာ အကြောင်းမရှိ။ မေတ္တာသည်သေခြင်းနှင့်အမျှ တန်ခိုးကြီးပါ၏ ရှောလမုန်သီချင်း (၈း၆)တွင် ကျမ်းစာလာပါ၏။